# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 29 May 2025 ၁၁၈၃၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ


**ပညာနှင့်ဘဝ တစ်ထပ်တည်းကျသည့် ပညာတတ်များရှိမှသာလျှင် ...**

ဆောင်းပါး စာမျက်နှာ » ၆

**ရွှေတိဂုံစေတီတော်မြတ်ကြီး၌ မြတ်စွာဘုရားရှင်၏ စွယ်တော်ပွားနှစ်ဆူနှင့် ဓာတ်တော်များ ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၇

**နိုင်ငံတော်အနေနဲ့ မူဝါဒပိုင်းဆိုင်ရာမှာ ပြန်လည်ထူထောင်နိုင်ဖို့အတွက်၊ ပြန်လည်ကုစားနိုင်ဖို့အတွက် ဘယ်လိုနည်းနဲ့ လွယ်ကူအောင်လုပ်ပေးရမလဲ၊ ချိတ်ဆက်ပေးရမယ့်အပိုင်းကိုလည်း သိသွားမယ်ဆိုရင် ဒါဟာ အတိုင်းထက်အလွန် အောင်မြင်တဲ့ သုံးသပ်ဆွေးနွေးပွဲဖြစ်မှာပါ**

စာမျက်နှာ » ၈


## ကျွန်းလှမြို့နယ်၌ မိုးစပါး ဧက ၃၄၀၀၀ ကျော်စိုက်ပျိုးမည်

ကျွန်းလှ မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၃၄၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး စပါးအပြင် သီးနှံမျိုးစုံစိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးစပါးစိုက်ပျိုးဖို့ ၃၄၀၉၇ ဧက လျာထားပါတယ်။ တောင်သူတွေ အရင်နှစ်က ပျိုးထောင်နောက်ကျပေမယ့် ဒီနှစ် မိုးရွာသွန်းမှုစောတော့ ပျိုးထောင်ဖို့ပြင်ဆင်နေကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။


စာမျက်နှာ ၃ ကော်လံ ၄ သို့ ✪






## ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် နှမ်းပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်း

ညောင်ဦး မေ ၂၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ သူကောင်းတည်မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသည့် နှမ်းပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်းကာ ဆွတ်ခူးရောင်းချချိန်တွင် တောင်သူများ တွက်ခြေကိုက် အဆင်ပြေနေကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသည့် နှမ်းပဲတီစိမ်းစိုက်ဧက ၅၀၀ ရှိကြောင်း သိရသည်။ နှမ်းပဲတီစိမ်းကို မတ်လလယ်ခန့်တွင် စတင်ကြဲပက်စိုက်ပျိုးကြကာ စိုက်ပျိုးပြီး ၄၅ ရက်ရှိလျှင် ပဲတီစိမ်းအဖူး၊ အပွင့်များ စတင်ပွင့်ပြီး ရက် ၆၀ တွင် စတင်ဆွတ်ခူးရကြောင်း၊ ထွက်ရှိလာသည့် နှမ်းပဲတီစိမ်းများကို ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ကျောက်ပန်းတောင်းမြို့တို့ရှိ ပွဲရုံများသို့ သွားရောက်ရောင်းချကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ကျောက်ကူးမြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ငွေ့သရောက်မြစ်ရေတင်၊ လက်ပံခြေပေါ်မြစ်ရေတင်တို့ဖြင့် နှမ်းပဲတီစိမ်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး ဆွတ်ခူးရောင်းချချိန်တွင် တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။ ဒီပါလင်း

ကြေးမုံ

# သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကြိုတင်ပြင်ဆင် တားဆီးကာကွယ်

ယခုအခါ မြန်မာနိုင်ငံတစ်နိုင်ငံလုံး မုတ်သုံရာသီကာလ ရောက်ရှိခဲ့ပြီဖြစ်သည်။ မုတ်သုံရာသီကာလများအတွင်း မြန်မာနိုင်ငံ၌ ကြုံတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ကြိုတင်ကာကွယ် သတိပြုဆောင်ရွက်ထားကြရမည်ဖြစ်သည်။ မုတ်သုံရာသီကာလတွင် အထူးသဖြင့် လေဖိအားနည်းရပ်ဝန်းများ၊ ဆိုင်ကလုန်းမုန်တိုင်းများကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်စဉ်များနှင့်အတူ ကြုံတွေ့ခဲ့ဖူးသည့် ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်များ၊ မြေပြိုမှုဖြစ်စဉ်များကို သတိပြုရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် မိုးလေဝသဌာနမှ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကာ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းထားသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် လည်းကောင်း၊ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်း အချို့ဒေသများ၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး အချို့ဒေသများ၌ နေရာကွက်၍ မိုးကြီးနိုင်သည်ဟု ခန့်မှန်းထားသည်။

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၌ မကြာသေးမီကာလများအတွင်း အတွေ့အကြုံများစွာ ရရှိခဲ့ပြီးဖြစ်သည်။ ကြုံတွေ့လာရသော သဘာဝဘေးအန္တရာယ်များအလိုက် ထိခိုက်ဆုံးရှုံးမှုများ အနည်း/အများရှိခဲ့သော်လည်း ကြိုတင်ပြင်ဆင် စီမံခန့်ခွဲမှုစနစ်တကျရှိသောကြောင့် ထိခိုက်ဆုံးရှုံးမှုသက်သာစေခြင်း၊ အလျင်အမြန်ဖြေရှင်းနိုင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကပ်ရောဂါကြုံတွေ့ရမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ပဋိပက္ခများကြုံတွေ့ရမှု၊ မုန်တိုင်းဒဏ်ခံရမှု၊ ငလျင်ဘေးဒဏ်ခံရမှု၊ ရေကြီးရေလျှံနှင့် မြေပြိုမှုများဖြစ်ပေါ်မှုစသည်တို့ကြောင့် ဆုံးရှုံးခဲ့ရမှုများ များစွာဖြစ်ခဲ့ရသကဲ့သို့ ပြည်သူများအနေဖြင့်လည်း တစ်ဦးချင်း ထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သည်။ ထိခိုက်မှုအနေဖြင့် ငွေကျပ် ၅၃၄ ဒသမ ၁၄၆ ဘီလီယံဖိုး ဆုံးရှုံးခဲ့ပြီး ပြည်သူတို့၏ ကုန်ကျမှုမပါဘဲ နိုင်ငံတော်အစိုးရဘတ်ဂျက်မှ ငွေကျပ် ၇၃ ဒသမ ၇၉၇ ဘီလီယံကျော်ဖိုး ပြန်လည်ပြုပြင်ထောက်ပံ့ပေးခဲ့သည်။ ထို့အတူ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းအရှိန်ကြောင့်ဖြစ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ရသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငွေကျပ် ၄၆၆ ဒသမ ၂၃၁ ဘီလီယံကျော် ဆုံးရှုံးခဲ့ရပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၅၄ ဒသမ ၈၀၇ ဘီလီယံ ထောက်ပံ့ပေးခဲ့ရသည်။

ယခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြောင့် ငွေကျပ် ၃၆၂၉ ဒသမ ၂၈၈ ဘီလီယံဖိုး ပျက်စီးဆုံးရှုံးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်သည်။ ဖော်ပြပါ သဘာဝဘေးအန္တရာယ်များကျရောက်မှုကြောင့် နိုင်ငံတော်က အကုန်အကျခံပေးရသည့် ငွေပမာဏကို ခန့်မှန်းကြည့်နိုင်သည်။ သဘာဝဘေးအန္တရာယ်တွင် အကျုံးဝင်သည့် လက်နက်ကိုင်အကြမ်းဖက်အဖျက်သမားများကြောင့် နိုင်ငံတော်၏ ထိခိုက်ဆုံးရှုံးမှုများမှာ အမြောက်အမြားရှိနိုင်သည်။ အဆိုပါသဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ ကြုံတွေ့ခဲ့ရခြင်းမရှိပါက မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက် ပိုမိုဖော်ဆောင်နိုင်ပြီး တိုင်းပြည်အတွက် များစွာအကျိုးရှိမည်ဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ အနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုအားကောင်းစွာဖြင့် စနစ်တကျ ဝိုင်းဝန်းပူးပေါင်းလက်တွဲ ကာကွယ်ထားနိုင်ရန် လိုအပ်သည်။

ယနေ့ကာလတွင် အကြမ်းဖက်အဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများကို တွေ့မြင်နိုင်သည်။ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန်အတွက် အကြမ်းဖက်သမားများကို စုစည်းညီညွတ်သောအားဖြင့် ကာကွယ်ရမည်ဖြစ်သလို ငြိမ်းချမ်းရေးရရှိအောင်လည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသဖြင့် ဖြစ်ပွားနိုင်သောဒေသများ၌ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့သည် ထိခိုက်ဆုံးရှုံးမှုများကို အနည်းနှင့်အများ ဖြစ်ပေါ်စေနိုင်သဖြင့် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် မဖြစ်မီက စနစ်တကျ ကြိုတင်ကာကွယ်တားဆီးထားနိုင်ရေးကို စုစည်းညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ အားလုံးဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဟန်ဝင်းအောင်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ခင်သီတာ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် မေ ၂၈ ရက်အထိ သေဆုံးသူ ၃၇၃၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၈ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မေ ၂၆ ရက်တွင် ဗီယက်နမ်နိုင်ငံရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းတစ်ခုဖြစ်သည့် Parami Group က လှူဒါန်းသည့်ဆေးပစ္စည်း (အလေးချိန် သုညဒသမ ၁၅၀ တန်) ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၈ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၆၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈- ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၅၀၀ | ၆,၅၀၀ | ၁,၀၀၀ | ၆,၅၀၀,၀၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၇,၃၁၃ | ၂၁,၅၇၃,၃၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၀ | ၁၈,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁၈၃ | ၅၁၂,၄၀၀ |
| EFR | ၁,၅၀၀ | ၁,၅၅၀ | ၁,၁၀၇ | ၁,၆၇၃,၀၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁၁၀ | ၄၄၀,၀၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၁၀ | ၃၁,၀၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၁၀ | ၃၁,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr. Marcoluigi Corsi အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် Mr. Marcoluigi Corsi အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနှင့် ကုလသမဂ္ဂအကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ Documentary အား မြန်မာ၊ အင်္ဂလိပ်(နှစ်ဘာသာ)တို့ဖြင့် အဆင့်မီရိုက်ကူးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ မေ ၂၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ Documentary အား မြန်မာ၊ အင်္ဂလိပ်(နှစ်ဘာသာ)တို့ဖြင့် အဆင့်မီရိုက်ကူးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ Documentary ပြုစုရေးဦးစီးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်၏ Documentary ပြုစုရိုက်ကူးရေးလုပ်ငန်းအဖွဲ့မှ လက်ရှိဆောင်ရွက်ထားရှိသော ဗီဒီယိုမှတ်တမ်းအား ထပ်မံဖြည့်စွက်ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ Documentary ပြုစုရိုက်ကူးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီးက Documentary ပြုစုရိုက်ကူးရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ Documentary ပြုစုရိုက်ကူးရေးလုပ်ငန်းအဖွဲ့အတွင်းရေးမှူး စစ်တွေတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က အဖွဲ့၏ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်၏ Documentary ဖြစ်မြောက်ရေး ကြိုးစားဆောင်ရွက်ပေးခဲ့ကြသည့် အဖွဲ့အား ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးကိုကိုကျော် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၈**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံက ၂၀၂၄-၂၀၂၇ ခုနှစ်အတွက် အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ယူစဉ်အတွင်း အာဆီယံ-ရုရှား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန်အတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနှင့် ရုရှား နှစ်နိုင်ငံဆက်ဆံရေးအောက်မှ ဆောင်ရွက်နေသည့် စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ ရှေ့ဖုံးမှ

အဆိုပါ မိုးစပါးစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေတင်ပြီး ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

# ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ကျောင်းသားမိဘများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုလို ထောက်ပံ့ပေးရခြင်းမှာ စိတ်ဓာတ်ခွန်အားပေးခြင်းဖြစ်သကဲ့သို့ ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်၊ လုပ်ဖော်ကိုင်ဖက်စိတ်ဓာတ်များကို ပြသခြင်းဖြစ်ကြောင်း၊ စေတနာများကို တုံ့ပြန်သည့်အနေဖြင့် ဝန်ထမ်းများက မိမိတို့၏ သားသမီးများကို လူချွန်လူကောင်းများဖြစ်စေရန်၊ အကျင့်စာရိတ္တ မြင့်မားသူများဖြစ်စေရန်နှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိသူများဖြစ်စေရန် အတွက် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း၊ မိမိတို့မျှော်မှန်းနေသည့် ကျန်းမာကြံ့ခိုင်သည် လူမျိုး၊ ဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝသည့် နိုင်ငံဖြစ်အောင် ကောင်းမွန်သည့် ပညာရေးစနစ်နှင့် တစ်နည်းအားဖြင့် ပညာတတ်သည့် မျိုးဆက်ကသာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းသည် ဝန်ထမ်းဖြစ်သူ မိဘများအတွက် အထိုက်အလျောက် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ကြောင်း၊ မိဘများအနေဖြင့် မိမိတို့သားသမီးများ အခက်အခဲမရှိ ပညာတတ်တစ်ဦးဖြစ်စေရေးအတွက် အန္တိမရည်မှန်းချက်တစ်ခုအဖြစ် ထားရှိရမည်ဖြစ်သကဲ့သို့ ကောင်းမွန်မှန်ကန်သည့် စိတ်ဓာတ်များနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် တစ်စိုက်မတ်မတ် လျှောက်လှမ်းနိုင်သူများဖြစ်စေရန် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများကို ကျောင်းသားမိဘတစ်ဦးထံ ပေးအပ်စဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ကျောင်းသားမိဘများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှကျောင်းသားမိဘများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ဝန်ကြီးဌာနတစ်ခုလုံးအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်မှုမှာ မူလတန်းကျောင်းသားကျောင်းသူ ၁၃၄၈ ဦး၊ အလယ်တန်း ၅၄၄ ဦး၊ အထက်တန်း ၅၂၁ ဦး၊ တက္ကသိုလ် ၃၂၀ စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၇၃၃ ဦးရှိကာ မူလတန်းတစ်ဦးလျှင် ငွေကျပ်ငါးထောင်နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အလယ်တန်းတစ်ဦးလျှင် ငွေကျပ် ၇၅၀၀ နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အထက်တန်းတစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှင့် ဗလာစာအုပ်နှစ်ဒါဇင်၊ တက္ကသိုလ်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် ဗလာစာအုပ် နှစ်ဒါဇင်နှုန်းဖြင့် စုစုပေါင်းထောက်ပံ့မှု ငွေကျပ် ၅၂၃၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ထမ်းများနှင့်ဝန်ထမ်းများ၏ သားသမီးများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ချီးမြှင့်ငွေများပေးအပ်

လွိုင်ကော် မေ ၂၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အဆင့်မြင့်ပညာနှင့် အခြေခံပညာကျောင်းများသို့တက်ရောက်ကြမည့် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ထမ်းမိသားစုဝင် ကျောင်းသား ကျောင်းသူများနှင့် မဟာဘွဲ့သင်တန်းနှင့် အဝေးသင် သင်တန်းများသို့ တက်ရောက်နေသည့် ဝန်ထမ်းများအား ပြည်နယ်အစိုးရအဖွဲ့က ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ချီးမြှင့်ငွေများပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားပြီး မဟာဘွဲ့ သင်တန်းတက်ရောက်နေသည့် ဝန်ထမ်းများနှင့် အဝေးသင်တက္ကသိုလ် တက်ရောက်နေသည့် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းတို့တွင် တက်ရောက်ပညာသင်ကြားကြမည့် ဝန်ထမ်းများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးက ထောက်ပံ့ ချီးမြှင့်ပေးမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာသည့် ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ပုဗ္ဗသီရိ မေ ၂၈

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းရှိ မြတ်ရတနာခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ဦးစွာ ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်နွယ်နီခိုင်က အမှာစကားပြောကြားပြီး ဇေယျာသီရိခရိုင်ပညာရေးမှူး ဦးသူရခင်စိုးက ကျောင်းအပ်နှံရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်မှ (အခမဲ့) ဖြန့်ဝေသော ပုံနှိပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များနှင့် ကျောင်းဝတ်စုံများကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ပေးအပ်ရာ အခြေခံပညာကျောင်းများကိုယ်စား ကျောင်းအုပ်ကြီးများက လက်ခံရယူသည်။

ပုဗ္ဗသီရိမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်း ခုနစ်ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ငါးကျောင်း၊ အလယ်တန်းကျောင်းသုံးကျောင်း၊ အလယ်တန်းကျောင်း(ခွဲ ) တစ်ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၄ ကျောင်း၊ မူလတန်းကျောင်း ၂၉ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၅၉ ကျောင်းအပြင် ဘုန်းတော်ကြီးသင်ကျောင်းငါးကျောင်းနှင့် ကိုယ်ပိုင်ကျောင်း ၁၃ ကျောင်းတို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်သင်ကြားမည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၉၀၀၀ ကျော်ရှိကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**



## အိမ်မဲမြို့အ-ထ-က (၂)၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ



အိမ်မဲ မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက(၂) ပညာ့ဗိမာန်ခန်းမ၌ မြို့နယ်အဆင့် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အဖွင့်အမှာစကားပြောကြားပြီး မြောင်းမြခရိုင်ပညာရေးမှူး ဆရာကြီး ဦးငွေဝင်းက ကျောင်းအပ်နှံရေးဆိုင်ရာလုပ်ငန်းစဉ်များအား အကျယ်တဝင့်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ကထောက်ပံ့ပေးသည့် ကျောင်းသုံးပုံနှိပ်၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်နှင့် ခဲတံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြောင်းမြခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ပေးအပ်သည်။

မြို့နယ်အတွင်း ယနေ့အထိ ကျောင်းအပ်နှံပြီးသူ ကျောင်းသားကျောင်းသူ ၃၄၀၀၀ ကျော်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သီတဂူစက္ခုဒါနဆေးရုံတော် (ရန်ကုန်)သို့ ဗီယက်နမ်ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့က ငွေကျပ်သိန်းတစ်ထောင် လာရောက်လှူဒါန်း

**ရန်ကုန် မေ ၂၈**

သောဋ္ဌသမ ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ အရှင်ဉာဏိဿရ ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီးထံသို့ မေ ၂၇ ရက်တွင် ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့၌ သာသနာပြုနေသည့် ဆရာတော် VEN . THICH POUOC TAN ဦးဆောင်သော ဗီယက်နမ် ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့က စက္ခုဒါနအလှူအဖြစ် ငွေကျပ်သိန်းတစ်ထောင်ကို လာရောက်လှူဒါန်းသည်။

**ရှင်းလင်းမိန့်ကြား**

သီတဂူဆရာတော်ကြီးက ဗီယက်နမ်ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့အား စက္ခုဒါန အလှူတော်အကြောင်း အရာများ၊ သာသနာပြုလုပ်ငန်းဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံတွင် ငလျင်ဒဏ်သင့်ဒေသများတွင် သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းမိန့်ကြားသည်။

ယင်းနောက် ဗီယက်နမ်ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့က လာရောက်လှူဒါန်းခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော်အတွက် လိုအပ်သည့်နေရာများတွင် လှူဒါန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးက နဝကမ္မလှူဒါန်းမှုအတွက် သာဓုအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ထို့နောက် ဗီယက်နမ်ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့က သီတဂူ စက္ခုဒါနဆေးရုံတွင် မျက်စိခွဲစိတ်ကုသမှုခံယူနေသော မျက်စိဝေဒနာရှင်များအား လှူဒါန်းငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

အဆိုပါ ဗီယက်နမ် ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့သည် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ရန်အတွက် သီတဂူဆရာတော်ကြီး၏ ဦးဆောင်မှုနှင့်အတူ သွားရောက်လှူဒါန်းမည်ဖြစ်ပြီး ငလျင်ဒဏ်သင့်ဒေသခံပြည်သူများအတွက်လည်း ကူညီလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# Huawei Technologies Co., Ltd.က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်း




**နေပြည်တော် မေ ၂၈**

Huawei Technologies Co., Ltd. မှ Chief Executive Officer ဖြစ်သူ Mr. Zhao You Jun နှင့် တာဝန်ရှိသူများသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများ အပါအဝင် စုစုပေါင်းပစ္စည်း ၁၁ မျိုးကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်သို့ လာရောက်ပေးအပ်လှူဒါန်းသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့ဝန်ကြီးဌာနရှိ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ ၈၀ ရာခိုင်နှုန်းနီးပါးသည် ငလျင်ဒဏ်ခံကြရသူများဖြစ်ကြောင်းနှင့် ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် လိုအပ်လျက်ရှိသော ယာယီတဲများ၊ ခြင်ထောင်များ၊ ဆေးဝါးများ၊ ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ လာရောက်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ က Huawei Technologies Co., Ltd. က ပေးအပ်လှူဒါန်းသော ထောက်ပံ့ရေး ပစ္စည်းများကို လက်ခံရယူပြီး ကုမ္ပဏီ၏ Chief Executive Officer ဖြစ်သူ Mr. Zhao You Jun အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ယာယီစာသင်ကျောင်းဆောင် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် မေ ၂၈**

မန္တလေးငလျင်ဘေးသင့်ဒေသများအတွက် AHA Centre မှ တစ်ဆင့် အလှူရှင်နိုင်ငံများက လှူဒါန်းထားသော အသင့်တပ်ဆင်အသုံးပြုနိုင်သည့် ယာယီစာသင်ကျောင်းဆောင်များ (Prefabricated Schools) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ AHA Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Lee Yam Ming၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဖွင့်လှစ်ပထမပတ်အတွင်း ကျောင်းများ အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကလေးများ အမိုးအကာ အောက်တွင် လုံခြုံအေးချမ်းစွာ ပညာ သင်ကြားနိုင်ရေးအတွက် AHA Centre ၏ ညှိနှိုင်းပေါင်းစပ် ပေးမှုဖြင့် အလှူရှင်နိုင်ငံများမှ လှူဒါန်းသည့် ယာယီစာသင် ကျောင်းဆောင် ၂၀ ကို နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ငါးဆောင်စီ တည်ဆောက်ပေးသွားမည် ဖြစ်သည်။



ယာယီစာသင်ကျောင်းဆောင် လွှဲပြောင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး AHA Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Lee Yam Ming က ယာယီစာသင် ကျောင်းဆောင်များကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး တို့ထံသို့ လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပညာနှင့်ဘဝ တစ်ထပ်တည်းကျသည့် ပညာတတ်များရှိမှသာလျှင် ...

မိုးကေနိုင်

လူတစ်ဦးရဲ့ ဘဝတန်ဖိုးကို ပညာနဲ့သာတိုင်းတာတဲ့အတွက် လူတိုင်းပညာတတ်ဖြစ်အောင် ကြိုးစားကြရတယ်။ ပညာက တည်ငြိမ်တဲ့လမ်းကို ခင်းပေးနိုင်လို့ဖြစ်ပါတယ်။ ဒီလမ်းကသွားမလား၊ ဟိုလမ်းကသွားမလား လမ်းကြောင်းမှန်အောင် ပြပေးနိုင်တယ်။ အမှောင်ထုကြား အလင်းဓာတ်ပေး၊ အန္တရာယ်မရှိအောင် ကာကွယ်ပေးတယ်။ ကောင်းခြင်းနဲ့ မကောင်းခြင်းအကြား၊ အမှန်နဲ့အမှားကြား ကောင်းတာ၊ မှန်တာကိုသာ ရွေးချယ်ခွင့်ပေးပြီး အကောင်းဆုံးဖြစ်အောင် လုပ်တတ်ကိုင်တတ်အောင်၊ လုပ်နိုင်ကိုင်နိုင်အောင်လည်း အခွင့်အရေးပေးတယ်။ ဒါကြောင့်ပဲ ပညာအခြေခံမယ့်လမ်းမှန်မှာ လမ်းမပျောက်အောင် လျှောက်လှမ်းမယ့်သူတွေအတွက် ဘဝရှင်သန်ရပ်တည်မှုအာမခံချက်က ပညာပဲဆိုတာကို အသိအမှတ်ပြုနိုင်စွမ်းရှိရန်က အဓိကလိုအပ်ချက်ဖြစ်သွားပါပြီ။

## သညာသိနှင့် ပညာသိ

ဒီနေရာမှာ သညာသိနဲ့ပညာသိကိုတော့ ကွဲပြားစေချင်တယ်။ သညာသိနဲ့ ပညာသိမှာ မှတ်သိ၊ ဖတ်သိ၊ ဘွဲ့ရအသိနဲ့ သညာသိအမှတ်လောက်နဲ့ မိမိကိုယ်မိမိ မရောင့်ရဲ မတင်းတိမ်စေချင်ပါ။ သညာသိလောက်နဲ့ရပ်နေတဲ့အတွက် ပညာမပြည့်ဝခြင်းရဲ့ ကြမ်းတမ်းခက်ထန်မှုတွေကို ယနေ့ ကျွန်တော်တို့ ခံစားနေကြရတယ်။ ဒါကြောင့် ပညာသိအထိ လှမ်းစေချင်တယ်။ ဘာတွေကွာခြားသွားလို့ပါလဲ၊ ဗုဒ္ဓတရားတော်အရဆို သညာသိနဲ့ ပညာသိကြားမှာ ဝိညာဏ်သိဆိုပြီးတောင် နာယူခဲ့ဖူးပါတယ်။

**ဒီနေရာမှာတော့ ရတနာကို ရတနာထိုက်မှန်းမသိ၊ အတုအစစ်မှန်းမသိတဲ့ သညာသိနဲ့ အတုအစစ် ခွဲခြားတတ်ပြီး ရတနာကို ရတနာမှန်းသိတဲ့ ပညာသိဆိုတဲ့ အသိနှစ်မျိုးကို အရိပ်မျှ ခွဲခြားနိုင်ရင် ရပါပြီ။ ဆင်ခြင်စဉ်းစား သုံးသပ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားနိုင်စွမ်း၊ အကြောင်းအကျိုးဆက်စပ်နိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိပြီး အဆုံးအဖြတ်ပေးနိုင်စွမ်းအထိကို ပညာသိက လမ်းပြပေးပါတယ်။ သညာသိမှာက လက်တွေ့မပါတဲ့ သီအိုရီအသိနဲ့တင်ပြီးပြည့်စုံနေတယ်။ စာမေးပွဲရလဒ်နဲ့တင် ကျေနပ်နေတာမျိုးဖြစ်လိမ့်မယ်။ ဒါကြောင့် ပညာသိဖြစ်အောင် ကြိုးစားကြပါဆိုပြီး တိုက်တွန်းနေကြခြင်း ဖြစ်ပါတယ်။**

## စာထဲမှ အမှန်တရားဆိုတာ

သညာသိနဲ့မတူတဲ့ ပညာသိဆိုတဲ့အရည်အချင်းကို တန်းတက်ဘွဲ့ရရုံနဲ့မပြီးဘဲ မိမိပညာကိုတိုးတက်ပွားများနေအောင် ဆက်လက်ဆည်းပူးလေ့လာဖတ်မှတ်အသုံးချခြင်းကနေ ရယူရပါမယ်။ မိမိရထားတဲ့ဘွဲ့ကို လက်တွေ့နယ်ပယ်မှာ အသုံးချနိုင်အောင် ကြိုးစားကြည့်ပါ။ စာသိနဲ့လက်တွေ့ကို ပေါင်းစပ်အသုံးချနိုင်ခြင်းက အတွေ့အကြုံကောင်းကို ပေးပါတယ်။ ဒီအတွက်လည်း မဖြစ်မနေ စာများများဖတ်ရမှာဖြစ်ပြီး အစောပိုင်း ငယ်ငယ်ရွယ်ရွယ် ဘဝမှာကတည်းက ရသမျှအရင်းအမြစ်စာပေမျိုးစုံကနေ ဖတ်နိုင်သမျှဖတ် မှတ်နိုင်သမျှမှတ်သင့်ပါတယ်။

နောက်တော့ ဘယ်လိုစာပေမျိုးက ကောင်းသလဲ၊ မှန်သလဲ စူးစမ်းလေ့လာလိုစိတ်နဲ့ ဖတ်တတ်၊ မှတ်တတ်အောင်ကြိုးစားရမယ်၊ ဘယ်သူရေးတဲ့စာက ပတ်ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းကိုဘယ်လိုအကျိုးပြုနေသလဲ၊ လေ့လာနိုင်သမျှလေ့လာပြီး တန်ဖိုးသိလာရင် သုတအရာမှာ စွယ်စုံဖြစ်လာပါလိမ့်မယ်။ မိမိဖတ်မှတ်ပြီးသား စာပေကနေ အဆီအနှစ်ကို ကောက်နုတ်ပြီး လက်တွေ့အခြေအနေနဲ့ ကိုက်ညီဆီလျော်မှု ရှိ၊ မရှိ တိုင်းတာတွက်ချက်နိုင်လေ လက်တွေ့နယ်ပယ်မှာ မိမိပညာကို ပိုပိုအသုံးချနိုင်လေပါပဲ။ စာထဲမှ အမှန်တရားကို ရှာဖွေနိုင်ခြင်းဆိုတာ ဒီအချက်ကို ဆိုလိုတာဖြစ်ပါတယ်။

## ပညာရှိနှင့် ပညာရှင်ဆိုတာ

ဒီလိုနဲ့ ဖတ်ရင်း၊ မှတ်ရင်း၊ လေ့လာရင်းကနေ ဘာပြဿနာဖြစ်ဖြစ် ခွဲခြမ်းစိတ်ဖြာတတ်လာမယ်၊ အစွန်းနှစ်ပါး ရှောင်တတ်လာမယ်၊ မြင်ကွင်းကျယ်ကျယ်နဲ့ ကြည့်တတ်၊ မြင်တတ်လာပြီး အနာဂတ်ကို ခန့်မှန်းတတ်လာမယ်၊ အခြေအနေအရပ်ရပ်အပေါ် သုံးသပ်တတ်လာတယ်။ သုံးသပ်ချက်နဲ့အညီ တွေ့ရှိချက်ကို လက်တွေ့အခြေအနေနဲ့ ချိန်ထိုးလာနိုင်တဲ့အခါ ဘယ်ဟာကအမှန်၊ ဘယ်ဟာကအမှား၊ ဆောင်ရန်ရှောင်ရန်ဆိုပြီး မြင်လာမယ်။ အမှန်မြင်ရင် အမှားလုပ်ဖို့ ဝန်လေးလာခြင်းဟာ ဆင်ခြင်တုံတရားပါပဲ။ အမှားနည်းအောင်နဲ့ အမှန်များလာဖို့အတွက် သူသိထားသမျှ သူတတ်ထားသမျှ လူ့အဖွဲ့အစည်းထဲ မျှဝေလိုစိတ်ဟာ အလိုလို ဖြစ်လာသလိုပါ။

**❛ အဆိုးနည်းပြီးအကောင်းများတဲ့ လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ချင်သူ၊ စံနမူနာယူထိုက်သူတွေ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ များစွာရှိပါတယ်။ သူတို့ဟာ သူတို့ကျင်လည်နေတဲ့ လူ့အဖွဲ့အစည်းကို ကျန်းကျန်းမာမာရှိစေချင်တယ်၊ သန့်သန့်ရှင်းရှင်းရှိစေချင်ကြတဲ့အတွက် တာဝန်ရှိစိတ်နဲ့ တာဝန်ယူပေးဖို့ ဝန်မလေး၊ စေတနာသဒ္ဓါတရားထက်သန်စွာနဲ့ တာဝန်ယူဖို့ အသင့်ရှိနေကြပါတယ်။ တစ်နည်းအားဖြင့် မိမိပညာကို သိနေရုံနဲ့မပြီး ရှိနေအောင်၊ ရှိနေရုံနဲ့မပြီး လက်တွေ့မှာ အသုံးချနိုင်အောင်နဲ့ ထာဝရရှင်သန်နေတဲ့ပညာဖြစ်အောင် လုပ်နိုင်စွမ်းသူကိုသာ ပညာရှိတစ်ဦး၊ ပညာရှင်တစ်ဦးအဖြစ်သတ်မှတ် ❜**

အဆိုးနည်းပြီးအကောင်းများတဲ့ လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ချင်သူ၊ စံနမူနာယူထိုက်သူတွေ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ များစွာရှိပါတယ်။ သူတို့ဟာ သူတို့ ကျင်လည်နေတဲ့ လူ့အဖွဲ့အစည်းကို ကျန်းကျန်းမာမာရှိစေချင်တယ်၊ သန့်သန့်ရှင်းရှင်း ရှိစေချင်ကြတဲ့အတွက် တာဝန်ရှိစိတ်နဲ့ တာဝန်ယူပေးဖို့ဝန်မလေး၊ စေတနာသဒ္ဓါတရား ထက်သန်စွာနဲ့ တာဝန်ယူဖို့ အသင့်ရှိနေကြပါတယ်။ တစ်နည်းအားဖြင့် မိမိပညာကို သိနေရုံနဲ့မပြီး ရှိနေအောင်၊ ရှိနေရုံနဲ့မပြီး လက်တွေ့မှာ အသုံးချနိုင်အောင်နဲ့ ထာဝရရှင်သန်နေတဲ့ပညာဖြစ်အောင် လုပ်နိုင်စွမ်းသူကိုသာ ပညာရှိတစ်ဦး၊ ပညာရှင်တစ်ဦးအဖြစ် သတ်မှတ်ကြပါတယ်။

ဒါကိုပဲ ပညာသိ သိတဲ့ ပညာရှိ၊ ပညာရှင်အဖြစ် မှတ်ယူကြရအောင်ပါ။ ပညာမြင့်မှ ပွဲလယ်တင့်မယ်၊ ပညာမြှင့်မှ လူမျိုးမြင့်မယ်ဆိုတာ ဒီအချက်ကို ဆိုလိုတာပါ။ ဒီအဆင့်၊ ဒီလယ်ဗယ်အထိ သွားနိုင်မှသာ ကျွန်တော်တို့လူ့အဖွဲ့အစည်းနဲ့ ကျွန်တော်တို့ နိုင်ငံတော်ကြီးက တည်ငြိမ်မယ်၊ အေးချမ်းမယ်၊ ငြိမ်းချမ်းမယ်လို့ ယုံကြည်မိပါတယ်။

ဒါမှလည်း ပညာရဲ့အဓိပ္ပာယ်က ပြည့်ဝနေမှာဖြစ်သလို ပညာရဲ့တန်ဖိုးက မြင့်မားနေမှာဖြစ်ပါတယ်။ ဒါကြောင့် ပညာရှင်ဆရာ ဆရာမကြီးတွေ၊ နိုင်ငံအကြီးအကဲတွေ၊ မိဘတွေက သူ့အတိုင်းအတာနဲ့သူ မိမိတို့ရင်သွေးတွေကို ပညာတတ်အောင်သင်ပြီး ပညာတတ်တွေဖြစ်ဖို့၊ ပညာရှင်တွေဖြစ်ဖို့ အဆင့်လိုက် ကျရာကဏ္ဍကနေ တတ်နိုင်သမျှ အခွင့်အလမ်းတွေ ပေးနေကြခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း မိဘတွေက မိမိတို့ရင်သွေးတွေကို ကျောင်းအပ်ကျောင်းထားကြဖို့၊ လူငယ်တွေအနေနဲ့လည်း ကျောင်းဆက်တက်ကြဖို့ ကျောင်းမထွက်ကြဖို့ ယခုလို စဉ်ဆက်မပြတ် ပညာပေးနှိုးဆော်တိုက်တွန်းကြခြင်းဖြစ်ပါတယ်။

လူမှုစီးပွားမဖွံ့ဖြိုးမှု၊ အကြမ်းဖက်မှုနဲ့ မတည်ငြိမ်မှုတွေဟာ ပညာရေးအားနည်းမှုနဲ့ ဆက်စပ်နေတဲ့အတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းကနေ လိုအပ်နေသေးတဲ့ ဖွံ့ဖြိုးမှုကွက်လပ်များစွာကို ဖြည့်ဆည်းသွားရမှာပဲဖြစ်ပါတယ်။ ဒါကြောင့်ပဲ သဘာဝဘေး၊ ရောဂါဘေး၊ လူကြောင့်ဖြစ်ရတဲ့ လူလုပ်ဘေးဒဏ်တွေကြောင့် ဖြစ်ရတဲ့ အခက်အခဲတွေ၊ အားနည်းချက်တွေ၊ စိန်ခေါ်မှုတွေ အနည်းနဲ့အများ ဆီးကြိုနေလင့်ကစား ပညာသင်ယူလိုစိတ်ဖြစ်နေအောင် မပြတ်နှိုးဆော်တိုက်တွန်းနေရမှာဖြစ်ပါတယ်။

## လူတော်လူကောင်းဖြစ်ဖို့ရန်

ဒီနေရာမှာ ယုံကြည်ချက်၊ ခံယူချက်နဲ့ ဝီရိယစိုက်ထုတ်စွမ်းအားတွေက အရေးကြီးသွားပါပြီ။ ငါတို့ စာတတ်မှရမယ်၊ ပညာတတ်မှ လူရာဝင်မယ်၊ ပညာရှိမှ အများအကျိုး ထမ်းနိုင်မယ်၊ ပညာရှင်ဖြစ်မှ မိမိတည်ဆောက်လိုတဲ့လူ့အဖွဲ့အစည်း၊ မိမိပုံဖော်လိုတဲ့ ပတ်ဝန်းကျင်ကောင်းဖြစ်မယ်။ အနည်းဆုံးတော့ မိမိမိသားစုအတွက် အကျိုးပြုနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်မျိုး၊ ဒီလိုယုံကြည်ချက်ကောင်းရှိခဲ့ရင် မိမိသွားချင်တဲ့ပန်းတိုင် မိမိရောက်ချင်တဲ့အိပ်မက် မရရအောင်လုပ်မယ်ဆိုတဲ့ ခံယူချက်မျိုးဖြစ်လာဖို့က မခက်ခဲတော့ပါဘူး။

ပညာနဲ့ပတ်သက်တဲ့ ယုံကြည်ချက်၊ ခံယူချက်သာ ခိုင်မာလာခဲ့ရင် လိုအပ်တဲ့ဝီရိယ ကြိုးစားအားစိုက်ထုတ်မှုဆိုတာလည်း အလိုလို ဖြစ်လာတတ်ပါတယ်။ ဒ့ါအပြင် ပညာကို အားပေးတယ်ဆိုတဲ့နေရာမှာလည်း နည်းမှန်လမ်းမှန်ဖြစ်ရမယ်။ မိဘဆရာတွေဟာ ကိုယ့်သားသမီးကို တော်နေရုံနဲ့မပြီး၊ ကောင်းအောင်လည်း လမ်းပြပေးနိုင်တဲ့အထိ တာဝန်ကျေသင့်ပါတယ်။ လူတော်တစ်ယောက်အပြင် လူကောင်းတစ်ယောက်အသွင်ကိုပါ ပုံဖော်ပေး နိုင်မှသာ မိသားစုအတွက်အားကိုးရာဖြစ်ပါမယ်၊ လူ့အဖွဲ့အစည်းအတွက်လည်း တာဝန်ကျေသူတစ်ယောက်ဖြစ်ပါမယ်။

လူကောင်းဆိုတဲ့လက္ခဏာမှာ ပညာကိုတန်ဖိုးထားခြင်း၊ မင်္ဂလာတရားနဲ့အညီ အသိအလိမ္မာရှိခြင်း၊ အနီးစပ်ဆုံး ကိုယ့်မိဘ၊ ကိုယ့်ဆရာသမားကျေးဇူး အထူးသိတတ်ပြီး ရိုသေလေးစားနာခံတတ်ခြင်း၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ဓလေ့စရိုက်တွေကို ဘာသာတရားနဲ့အညီ တန်ဖိုးထားမြှင့်တင်ပေးနိုင်ခြင်း၊ အများအကျိုးဆောင်ခြင်း၊ လူ့အဖွဲ့အစည်းကို အကျိုးပြုပြီး တည်ငြိမ်အေးချမ်းအောင် လုပ်နိုင်ခြင်းတွေ ပါဝင်နေပါတယ်။

အချုပ်အားဖြင့်တော့ ယနေ့ ကျောင်းသားအရွယ် လူငယ်၊ လူရွယ်အားလုံး ခေတ်အခြေအနေအရ ပညာတတ်တွေဖြစ်အောင် စာကိုသာ ကြိုးစားသင်စေချင်ပါတယ်။ ဆရာ ဆရာမတွေဘက်ကလည်း စေတနာသဒ္ဓါအပြည့်နဲ့ စာတတ်အောင် ကြိုးစားသင်ပေးကြမှာပါပဲ။ လက်ရှိ အရှိတရားတွေအရတော့ လူကောင်းလေးတွေဖြစ်လာအောင် လမ်းပြသွန်သင်ပေးဖို့က အဓိကဖြစ်နေတယ်။ ဒါကြောင့် မျိုးဆက်အလိုက် စံနမူနာပြ လေးစားထိုက်သူများစွာ မွေးထုတ်နိုင်တဲ့အထိ ကြိုးစားကြရပါမယ်။

**❛ အခက်အခဲနဲ့ စိန်ခေါ်မှုတွေရှိသော်ငြား ကျောင်းဖွင့်ရာသီမှာ မိဘတိုင်းက မိမိကလေးတွေကို ကျောင်းအပ်ချင်မယ်ဆိုတာ ယုံပါတယ်။ အရေးကြီးတာက ရခဲတဲ့လူ့ဘဝသက်တမ်းအတွင်း အချိန်ကုန်၊ ငွေကုန်အသက်သာဆုံးနဲ့ ဘွဲ့ရပညာတတ်ဘဝကို မြန်မြန်ရောက်ဖို့၊ ပန်းတိုင်ကိုမျက်ခြည်မပြတ်စေဖို့ သက်ဆိုင်သူအားလုံးမှာ တာဝန်ရှိပါတယ်။ သို့မှသာ ပညာအခြေခံတဲ့ အသိအတတ်ပညာရှင်တွေနဲ့ မြန်မာတို့ရဲ့ လှပတဲ့အနာဂတ်အတွက် စိတ်ချရမှာဖြစ် ❜**

အခက်အခဲနဲ့ စိန်ခေါ်မှုတွေ ရှိသော်ငြား ကျောင်းဖွင့်ရာသီမှာ မိဘတိုင်းက မိမိကလေးတွေကို ကျောင်းအပ်ချင်မယ်ဆိုတာ ယုံပါတယ်။ အရေးကြီးတာက ရခဲတဲ့လူ့ဘဝ သက်တမ်းအတွင်း အချိန်ကုန်၊ ငွေကုန်အသက်သာဆုံးနဲ့ ဘွဲ့ရပညာတတ်ဘဝကို မြန်မြန်ရောက်ဖို့၊ ပန်းတိုင်ကိုမျက်ခြည်မပြတ်စေဖို့ သက်ဆိုင်သူအားလုံးမှာ တာဝန်ရှိပါတယ်။ သို့မှသာ ပညာအခြေခံတဲ့ အသိအတတ်ပညာရှင်တွေနဲ့ မြန်မာတို့ရဲ့ လှပတဲ့အနာဂတ်အတွက် စိတ်ချရမှာဖြစ်ပါတယ်။ ။

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ မြတ်စွာဘုရားရှင်၏ စွယ်တော်ပွားနှစ်ဆူနှင့် ဓာတ်တော်များ ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



ရန်ကုန် မေ ၂၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး မိသားစုများက မလေးရှားနိုင်ငံ ပီနန်မြို့ ရွှေတိဂုံပုံတူစေတီတော်၌ ပူဇော်ရန်လှူဒါန်းသည့် မြတ်စွာဘုရားရှင်၏ စွယ်တော်ပွားနှစ်ဆူနှင့်ဓာတ်တော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်မှ ပင့်ဆောင်လာသည့် ဗုဒ္ဓစွယ်တော်ပွားနှစ်ဆူနှင့် ဓာတ်တော်များကို မလေးရှားနိုင်ငံ ပီနန်မြို့ Kek Lok Si ဘုရားကျောင်း ပါမောက္ခချုပ် ဆရာတော် Ven; Jit Heng၊ သံဃာတော်များနှင့် သီလရှင်များက ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းမှတစ်ဆင့် လက်ယာရစ်ပင့်ဆောင်၍ စေတီတော်ရင်ပြင် မြောက်ဘက်မုခ်အောင်မြေရှိ မင်္ဂလာမဏ္ဍပ်အတွင်းသို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် ဆရာတော်ကြီးများက မြတ်စွာဘုရားရှင်၏ စွယ်တော်ပွားနှစ်ဆူနှင့် ဓာတ်တော်များကို ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကြသည်။

ယင်းနောက် အလှူတော်မင်္ဂလာအခမ်းအနားကို ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ အဖွဲ့ဝင်ဆရာတော်များ၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအမှူးပြုသည့် ဆရာတော်ကြီး ၂၅ ပါး၊ မလေးရှားနိုင်ငံ ပီနန်မြို့ Kek Lok Si ဘုရားကျောင်း ပါမောက္ခချုပ် ဆရာတော်၊ ပင့်သံဃာတော်အပါး ၃၀၀ နှင့် သီလရှင်အပါး ၂၀၀ တို့ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ မလေးရှားနိုင်ငံမှ အလှူရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ဧည့်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ပြည့်စုံလင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံမှအလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မလေးရှားနိုင်ငံ ပီနန်မြို့ Kek Lok Si ဘုရားကျောင်း ပါမောက္ခချုပ်ဆရာတော်က ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူနိုင်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးအောင်ဇေယျလင်းက လက်ခံရယူသည်။

ယင်းနောက် မလေးရှားနိုင်ငံ ပီနန်မြို့ Kek Lok Si ဘုရားကျောင်း ပါမောက္ခချုပ်ဆရာတော်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့မစိုးရိမ်တိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ဇော်မင်းလတ်(MNA)

# ဒုတိယဝန်ကြီး ဒေါ်နုမြဖံ ရွှေတိဂုံဘုရား ဗုဒ္ဓပြတိုက်နှင့် ဗိုလ်တထောင်ဘုရားပြတိုက် ခင်းကျင်းထားရှိမှု ကြည့်ရှုစစ်ဆေး



ရန်ကုန် မေ ၂၈

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံသည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံဘုရား ဗုဒ္ဓပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ပြည်သူလူထုအကြား ပြတိုက်ကို ကျယ်ကျယ်ပြန့်ပြန့် စိတ်ဝင်စားလာအောင် ခေတ်နှင့်အညီ ခင်းကျင်းမှုပုံစံများဖြင့် ခင်းကျင်းရမည်ဖြစ်ကြောင်း၊ တန်ဖိုးကြီးလှသည့် ရှေးဟောင်းပစ္စည်းလက်ရာများကို ခင်းကျင်းပြသရာတွင် ကြည့်ရှုသူများ မြင်သာပြီး သမိုင်းတန်ဖိုးများသိရှိအောင် ကြည့်ရှုသူများအား ပေးလိုသည့် အချက်အလက်များကို ရှင်းရှင်းလင်းလင်းသိရှိစေရန်၊ Caption များ၊ Lable များ ပြည့်စုံစွာရေးထိုးထားကြစေလိုကြောင်း၊ ခေတ်အလိုက် တူရာမျိုးစုအလိုက်၊ ပစ္စည်းအမျိုးအစားအလိုက် စုစည်းပြသထားရမည် ဖြစ်ကြောင်း၊ ပစ္စည်းများ ရေရှည်တည်တံ့အောင်၊ လေဝင်လေထွက်ကောင်းအောင်၊ ရေငွေ့ထိန်းသိမ်းနိုင်အောင် လေအေးပေးစက်များ တပ်ဆင်ပြီး ထိန်းသိမ်းထားကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာပြတိုက်ပညာရှင်များက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး အပြီးတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဗိုလ်တထောင်ဘုရား ဆံတော်တိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ပြတိုက်တွင် ပစ္စည်းများ ငွေကြေးဒဏ်ခံနိုင်ရန် စနစ်တကျခင်းကျင်းပြသထားရေး၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် Digital Museum အဖြစ် အဆင့်မြှင့်တင်ရေး လိုအပ်သည်များ အကြံပြု ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒိုက်ဦးမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဒိုက်ဦး မေ ၂၈

ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၅ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ဒိုက်ဦးမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာအုပ်စု ဘိုင်းဒါးရေပိုလ္လွဲ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ဒိုက်ဦးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်လင်းအောင်နှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၂၅ ဦးတို့က ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ကံ့ကော်၊ မန်ကျည်းရှားပျိုးပင်စုစုပေါင်း အပင် ၄၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကျော်ကျော်( ပြန်/ဆက်)





# သရက်မြို့၌ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါအကြောင်း အသိပညာပေး

သရက် မေ ၂၈

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခြင်မှတစ်ဆင့် ကူးစက်သောသွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါအကြောင်း အသိပညာပေးအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် သရက်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ရွှေအောင်က အခမ်းအနားကျင်းပရခြင်းနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါအကြောင်း ပြောကြားပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

# နိုင်ငံတော်အနေနဲ့ မူဝါဒပိုင်းဆိုင်ရာမှာ ပြန်လည်ထူထောင်နိုင်ဖို့အတွက်၊ ပြန်လည်ကုစားနိုင်ဖို့အတွက် ဘယ်လိုနည်းနဲ့ လွယ်ကူအောင်လုပ်ပေးရမလဲ၊ ချိတ်ဆက်ပေးရမယ့်အပိုင်းကိုလည်း သိသွားမယ်ဆိုရင် ဒါဟာ အတိုင်းထက်အလွန် အောင်မြင်တဲ့ သုံးသပ်ဆွေးနွေးပွဲဖြစ်မှာပါ

ဒေါ်ခိုင်ခိုင်နွယ်

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ကကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသည့် "ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ"ကို မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။**

**အဆိုပါသုံးသပ်ဆွေးနွေးပွဲမှတစ်ဆင့် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းအတွက် ရလဒ်ကောင်းများရရှိလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်း၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)မှ ဥက္ကဋ္ဌ ဦးကိုကို၊ ဒါရိုက်တာ ဒေါက်တာဇော်ဦးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်တို့ပါဝင်သည့် အကြိုစကားဝိုင်းဆွေးနွေးမှုများကို ဖော်ပြလိုက်ရပါသည် –**

**ဦးကိုကို။** ။ပထမဦးဆုံးအနေနဲ့ ဒေါက်တာဇော်ဦးက ဒီဆွေးနွေးပွဲကျင်းပရတဲ့ရည်ရွယ်ချက်ကိုပြောကြားပေးပါ။

**ဒေါက်တာဇော်ဦး။** ။ဒီသုံးသပ်ဆွေးနွေးပွဲရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ငလျင်ဘေးသင့်သွားတဲ့ စီးပွားရေးကဏ္ဍကြီးတွေနဲ့ ငလျင်ဘေးသင့်တဲ့ဒေသတွေမှာ ဘယ်လိုပျက်စီးဆုံးရှုံးမှုတွေရှိနေသလဲ၊ ပြန်လည်ထူထောင်ရေးအတွက် ဘယ်လိုကြိုးစားနေကြသလဲ၊ ဒီအတွက် ကုစားပေးရမယ့် အခန်းကဏ္ဍမှာ နိုင်ငံတော်အစိုးရက ဘယ်လိုပံ့ပိုးကူညီပေးနိုင်မလဲဆိုတာ သက်ဆိုင်ရာကဏ္ဍအသီးသီးရဲ့ ကိုယ်စားလှယ်တွေ၊ ပြီးရင် ဘေးသင့်ဒေသက အထူးသဖြင့် စီးပွားရေးလုပ်ငန်းတွေရဲ့ ကိုယ်စားလှယ်တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ ပါဝင်ဆွေးနွေးပါမယ်။ နိုင်ငံတကာပညာရှင်တချို့ကိုလည်း ဖိတ်ကြားထားပါတယ်။ သူတို့တွေရဲ့ တင်ပြချက်အသီးသီးကို ကြားနာပြီး အစိုးရနဲ့ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးကို အမြန်ဆုံးမြှင့်တင်ပြီး ဘယ်လိုဆောင်ရွက်နိုင်မယ်ဆိုတာကို ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။

**ဦးကိုကို။** ။မန္တလေးငလျင်ကြီးက ပြင်းထန်တဲ့ငလျင်ကြီးပါ၊ ၇ ဒသမ ၇ အဆင့်ဆိုတာ မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၁၀၀ နီးပါးမှာ လှုပ်တဲ့ငလျင်ကြီးပါ။ သိသိသာသာ စီးပွားရေးအရ၊ လူမှုရေးအရ ဆုံးရှုံးထိခိုက်မှုတွေ အများကြီးရှိတယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေအများစုရဲ့ အသံတွေကို နားထောင်ရမယ်၊ သူတို့ရဲ့ အခက်အခဲတွေအတွက် နိုင်ငံတော်နဲ့ ဘယ်လိုပေါင်းစပ်ဆောင်ရွက်ရမယ်ဆိုတာ လိုအပ်တယ်။ ဒါကြောင့် Business အသိုင်းအဝိုင်းက ဒီဖိုရမ်မှာ ဘယ်လိုကဏ္ဍကနေ ပူးပေါင်းဆောင်ရွက်မလဲ ၊ ဒီဖိုရမ်အတွက် ဘာတွေပြင်ဆင်ပြီးပါပြီလဲ။

**ဒေါ်ခိုင်ခိုင်နွယ်။** ။မန္တလေးငလျင်ကြီးလှုပ်ခတ်သွားတဲ့အခါမှာ ပျက်စီးဆုံးရှုံးမှုတွေ တော်တော်များပါတယ်။ အသက်အိုးအိမ်စည်းစိမ်လည်း အများကြီးဆုံးရှုံးတယ်၊ လူနေအိမ်ခြေ၊ စီးပွားရေးလုပ်ငန်းတွေလည်း အများကြီးဆုံးရှုံးတယ်။ အထူးသဖြင့် မန္တလေးလိုနေရာ၊ စစ်ကိုင်းလိုနေရာတွေက MSME များတဲ့ နေရာတွေပါ၊ နောက်ပြီး အဲဒီလိုနယ်တွေက ဘာလဲဆိုတော့ သူတို့ရဲ့ လူနေအိမ်ခြေနဲ့ သူတို့ရဲ့စီးပွားရေးလုပ်ငန်းက တစ်နေရာတည်းမှာ လုပ်ကြတာများတယ်။ ဒီလိုများတော့ ငလျင်လှုပ်ခတ်မှုကြောင့် အိမ်ပျက်သွားရင် စီးပွားရေးပါသွားတယ်။ ကျွန်မတို့အသင်းချုပ်က တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ညီနောင်အသင်းတွေရှိတယ်။ အသင်းချုပ်အောက်မှာ လုပ်ငန်း Sector တွေက ၆၀ ကျော်လောက်ရှိပါတယ်၊ ဒါကြောင့် ကျွန်မတို့အနေနဲ့ အသံအမျိုးမျိုးကို နားထောင်တယ်၊ ပြီးတော့ အသင်းချုပ်အနေနဲ့ မတ် ၂၈ ရက် ငလျင်ပြီးတော့ မတ် ၂၉ ရက်မှာ Urgent အစည်းအဝေးခေါ်တယ်။ စတင်ပြီးတော့ ဘယ်လိုကူညီရမလဲ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက ညီနောင်အသင်းတွေနဲ့ ချိတ်ဆက်ပြီးတော့ ပြင်းထန်စွာသက်ရောက်မှုရှိတဲ့ ဒေသတွေမှာ ကူညီမှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။

ဆရာပြောခဲ့သလို စီးပွားရေးလုပ်ငန်းတွေအပေါ်မှာ သက်ရောက်မှုတွေ၊ ဒီ Panel ထဲမှာ ပထမ Panel ထဲမှာ မန္တလေးငလျင်ကြီးကြောင့် စီးပွားရေးအပေါ်သက်ရောက်မှုတွေကို ဆွေးနွေးကြမှာပါ။ ဆွေးနွေးတဲ့အခါ ကဏ္ဍကအစုံပါဝင်ပြီးတော့ သက်ရောက်မှုကို အပြင်းအထန်ခံစားရတဲ့ မန္တလေးကုန်သည်စက်မှုအသင်းကို ဖိတ်ကြားထားတယ်။ ပြီးတော့ စိုက်ပျိုးရေးကဏ္ဍနဲ့ပတ်သက်တာ၊ Supply Chain တစ်ခုလုံးပါ၊ ပြီးရင် ကုန်ထုတ်လုပ်မှုကဏ္ဍမှာ အသေးစား၊ အလတ်စားတွေပါလာမှာပါ၊ ပြီးရင် CMP ထုတ်လုပ်မှုကဏ္ဍပါ၊ ဝိုင်းဝန်းဆွေးနွေးကြဖို့ စီစဉ်ထားတာရှိပါတယ်။

ဆရာပြောသလို အခွင့်အလမ်းလည်းရှိတယ်၊ စိန်ခေါ်မှုလည်းရှိပါတယ်။ နောက် Panel တွေရဲ့ ဆွေးနွေးမှုတွေကလည်း အကျိုးရှိမယ်လို့ ယူဆပါ



ဦးကိုကို



ဒေါက်တာဇော်ဦး



ဒေါ်ခိုင်ခိုင်နွယ်

တယ်။ ဒီမှာဆိုရင် မြန်မာ့အာမခံလုပ်ငန်းလည်း ပါဝင်မယ်လို့ နားလည်ထားပါတယ်။ လုပ်ငန်းတွေ တော်တော်များများအနေနဲ့ အာမခံနဲ့ပတ်သက်တဲ့ အသိပညာရှိဖို့လိုအပ်ပါတယ်၊ အာမခံထားမှ ကိုယ့်အတွက်ကိုယ်ပြန်ပြီး အာမခံချက်ရှိမယ်ဆိုတာ အသိပညာပေးချင်တာလည်းပါပါတယ်။ ဒီ Panel တွေကနေ လုပ်ငန်းရှင်တွေ၊ ပြည်သူတွေပါ မသိသေးတဲ့အပိုင်းတွေ၊ ကြိုတင်ပြီးတော့ ပြင်ဆင်ထားရမယ့် ကိစ္စတွေ၊ နိုင်ငံတော်အနေနဲ့ မူဝါဒပိုင်းဆိုင်ရာမှာ ဒီဟာတွေ ပြန်လည်ထူထောင်နိုင်ဖို့အတွက်၊ ပြန်လည်ကုစားနိုင်ဖို့အတွက် ဘယ်လိုနည်းနဲ့ လွယ်ကူအောင်လုပ်ပေးရမလဲ၊ ချိတ်ဆက်ပေးရမယ့်အပိုင်းကိုလည်း သိသွားမယ်ဆိုရင် ဒါဟာ အတိုင်းထက်အလွန် အောင်မြင်တဲ့ သုံးသပ်ဆွေးနွေးပွဲဖြစ်မှာပါ၊ ဒီလိုလည်း မျှော်လင့်ပါတယ်။

**ဦးကိုကို။** ။အခုပြုလုပ်မယ့် Economic Recovery Forum မှာ ထူးခြားတဲ့တစ်ချက်က အဓိက Private Sector ပါလာတယ်၊ Private Sector က သူတို့ရဲ့ လက်တွေ့ကြုံတွေ့ ထိတွေ့နေရတဲ့ကဏ္ဍတွေကနေပါတယ်။ နောက်တစ်ခါ နိုင်ငံတကာအတွေ့အကြုံတွေနဲ့ Problem Solving ကို ချဉ်းကပ်နိုင်တဲ့၊ စီးပွားရေးပြဿနာတစ်ခုကို ဖြေရှင်းရာမှာ ကျွမ်းကျင်တဲ့စီးပွားရေးပညာရှင်တွေ ပါလာတယ်၊ ထိုနည်းလည်းကောင်းပဲ ဒီပြဿနာတွေ၊ Issue တွေ၊ အခွင့်အရေးတွေ၊ အခွင့်အလမ်းတွေအပေါ်မှာ ဒီဟာတွေအားလုံးကို အကျိုးသက်ရောက်မှုကောင်းအောင်၊ ထိရောက်အောင် လုပ်ပေးနိုင်တဲ့ Policy Maker ဆိုတဲ့ အစိုးရအဖွဲ့အစည်းပိုင်းဆိုင်ရာတွေက ပါလာတယ်။ ဒါက ဒီဖိုရမ်ရဲ့ထူးခြားချက်လို့ဆိုနိုင်သလို Inclusiveness ပူးပေါင်းပါဝင်မှုကများပါတယ်။ Pillar သုံးခုပေ့ါ။ ဒီ Pillar သုံးခုနဲ့ ဒီဖိုရမ်မှာ ဆွေးနွေးကြမှာဖြစ်တဲ့အတွက် ဘယ်လိုထိရောက်တဲ့အကျိုးရလဒ်တွေ ရလာနိုင်တယ်ဆိုတာ ဆရာ ဒေါက်တာဇော်ဦးရဲ့ အမြင်ကို ဆွေးနွေးပေးပါဦး။

**ဒေါက်တာဇော်ဦး။** ။အားလုံးပါဝင်အောင် ဆောင်ရွက်ခဲ့တဲ့ အဓိကရည်ရွယ်ချက်က ပိုပြီးအခွင့်အလမ်းတွေ ဖော်ထုတ်ရယူပြီးတော့ ပြန်လည်တည်ဆောက်ရေးမှာ ဘယ်လိုအသုံးချဆောင်ရွက်မလဲဆိုတဲ့ ကိစ္စဟာ အစိုးရတစ်ရပ်ရဲ့ ဦးဆောင်မှုတင်မကဘူး။ ပြည်သူတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ နိုင်ငံတကာပညာရှင်တွေရဲ့ အမြင်အားလုံးကို စုစည်းပြီးတော့ ဆောင်ရွက်နိုင်မယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ ပြန်လည်ထူထောင်ရေးကို တည်ဆောက်နိုင်မယ်။

အတွေ့အကြုံတွေအပေါ် သင်ခန်းစာယူပြီး လုပ်ကြမယ်ဆိုရင် ပြည်သူတွေအနေနဲ့ အခုဆိုရင် ငလျင်ဘေးဟာ တော်တော်ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုဖြစ်တယ်။ ပြီးတဲ့ သဘာဝကပ်ဘေးအားလုံးထက် ဆုံးရှုံးမှုများနိုင်တယ်ဆိုပြီး ခန့်မှန်းနေကြတာလည်းရှိတယ်။ သို့သော်လည်း ဒီအပေါ်မှာ စိတ်ဓာတ်ကျနေစရာမလိုဘူး။ ကျွန်တော်တို့ အတွေ့အကြုံသင်ခန်းစာအရ ပြန်ပြီးကောင်းအောင်တည်ဆောက်နိုင်တယ်ဆိုတဲ့ အခွင့်အလမ်းလည်းရှိနေတယ်။ အဲဒီအခွင့်အလမ်းကို ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ ရှုထောင့်ကနေ အားလုံးဝိုင်းပြီး အမြင်တွေစုစည်းကြဖို့ ဖြစ်ပါတယ်။

**ဦးကိုကို။** ။အခုလာမယ့် အဆောက်အအုံတွေ၊ အထူးသဖြင့် Public Property တွေကို ငလျင်အဆင့် ၈ အထိ ခံနိုင်ရည်ရှိအောင် လုပ်ရမယ်ဆိုတာပါတယ်။ အဲဒါက ကျွန်တော် ခုနကဆွေးနွေးသလို ဆုံးရှုံးမှုထဲက ပြန်လည်ရရှိတဲ့ အခွင့်အလမ်းက ပိုမိုကောင်းမွန်တဲ့ အနာဂတ်တစ်ခု ပြန်လည်တည်ဆောက်နိုင်တယ်ဆိုတဲ့ အခွင့်အလမ်းတွေရယူဖို့တော့လိုတာပေ့ါ၊ ဆုပ်ကိုင်မိဖို့တော့ လိုတာပေ့ါ။

ဒီလိုမျိုး အခြေခံအဆောက်အအုံဆိုတဲ့ ရုပ်ဝတ္ထုပိုင်းဆိုင်ရာမှာ ပိုပြီးကောင်းမွန်တဲ့ ကြံ့ကြံ့ခိုင်နိုင်စွမ်းရှိတဲ့ Infrastructure တွေအတွက် ကျွန်တော်တို့မှာ အခွင့်အလမ်းရှိတယ်။ နိုင်ငံတော်တစ်ခုတည်းကနေ လုပ်ရမှာမဟုတ်ဘူး။ ပုဂ္ဂလိကအပိုင်းမှာလည်း လိုအပ်တယ်။ ပူးပေါင်းလုပ်ရမှာဖြစ်ပါတယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေဟာ ငလျင်ကြောင့် ထိခိုက်မှုရှိသော်ငြားလည်း အဲဒီပေါ်ကနေမူတည်ပြီးတော့ မိမိတို့ရဲ့စီးပွားရေးလုပ်ငန်းတွေ၊ အဆောက်အအုံတွေ ပျက်စီးသွားတော့ ပြန်လည်ပြီးတော့ သုံးသပ်သလိုပေ့ါ၊ ကျွန်တော်တို့ကလည်း မိမိတို့ရဲ့စီးပွားရေးလုပ်ငန်းတွေကို ပြန်သုံးသပ်သင့်တယ်။

**ဒေါ်ခိုင်ခိုင်နွယ်။** ။မှန်ပါတယ်။ ကျွန်မတို့ အသိုင်းအဝိုင်းမှာဆိုရင် Business Continuity Plan ဆိုတာကို အမြဲပြောခဲ့ကြပါတယ်။ စီးပွားရေးကို ဆက်လက်လုပ်ကိုင်နိုင်မယ့် အစီအမံတွေရှိဖို့လိုအပ်ပါတယ်။ ကိုဗစ်ကာလတုန်းက တစ်ကမ္ဘာလုံးထိခိုက်တဲ့အချိန်မှာ လုပ်ငန်းတော်တော်များများဟာ ကမ္ဘာတစ်ဝန်း ထိခိုက်ကြတာ ဖြစ်ပါတယ်။ အဲဒီမှာ Business Continuity Plan ဆိုတာကို ILO ရဲ့ အလုပ်ရှင်အဖွဲ့အစည်းအကူအညီနဲ့ စာအုပ်တွေ ထုတ်ဝေခဲ့ပြီးတော့ သင်တန်းတွေလည်း အများကြီးပေးခဲ့ပါတယ်။ MSME လုပ်ငန်းတွေအကုန်ပေ့ါ။ အခုလည်း ဒီတစ်ခေါက်ဖြစ်တဲ့အခါ ကိုဗစ်နဲ့တော့မတူဘူးပေ့ါ၊ ဒီတစ်ခေါက်မှာ သဘာဝဘေးအန္တရာယ်တွေနဲ့ ယှဉ်တွဲရှိနေတဲ့ နိုင်ငံတွေရဲ့ အတွေ့အကြုံတွေကို လိုက်လေ့လာပါတယ်။ ခဏခဏဖြစ်တဲ့နိုင်ငံတွေကို လေ့လာပါတယ်။ Expert တွေလာတယ်၊ သူတို့ဆွေးနွေးပေးတယ်၊ သူတို့ဆီမှာ Business Continuity Guideline ဆိုတာ ရှိတယ်။ အဲဒါကို ကျွန်မတို့ကိုမျှဝေပေးပါဆိုပြီး ဒါတွေကို ကျွန်မတို့ ဆောင်ရွက်နေပါပြီရှင့်။

အဲဒီ Guideline ကတော့ ယေဘုယျပေ့ါ။ ငလျင်ကြောင့်ဖြစ်စေ၊ ဆူနာမီကြောင့်ဖြစ်စေ အဲဒီလိုမျိုးအခြေအနေမျိုးမှာ လုပ်ငန်းကို ဘယ်လိုဆက်လုပ်ရမလဲ၊ ဒီ Guideline က Sector အားလုံးအတွက် General ပါ။ ပြီးရင် Sector တစ်ခုချင်းစီအတွက် Plan ရှိတယ်။ Business Continuity Plan (BCP) ပေ့ါ။ အဲဒါကိုလည်း ကျွန်မတို့လေ့လာဖို့အတွက် တောင်းဆိုထားတဲ့အတွက် သူတို့ဆီကရနေပါပြီ။ ကျွန်မတို့ ဖိတ်ခေါ်ပြီးတော့ Seminar လုပ်ဖို့ ပြင်ဆင်နေပါပြီ။ အဓိကတော့ ကျွန်မတို့ အဝန်းအဝိုင်းက လုပ်ငန်းရှင်အဝန်းအဝိုင်းပါ။ ဒါပေမဲ့ ပြည်သူတွေလည်း သိဖို့လိုအပ်တယ်လို့ ထင်ပါတယ်။

**ဦးကိုကို။** ။ဖိုရမ်မှာ Panel ကြီး သုံးခုနဲ့ ကျင်းပဖို့ စဉ်းစားထားတယ်။ ပထမ Panel က ပြောခဲ့သလို ငလျင်ကြောင့် စီးပွားရေးအပေါ်မှာ ရိုက်ခတ်မှု Impact၊ ငလျင်ကြောင့်ဖြစ်ပေါ်လာတဲ့ Problem တွေကို ပထမဆုံးဆွေးနွေးကြမယ်။ ဒုတိယကတော့ ငလျင်ဘေးပြန်လည်ထူထောင်တဲ့ Recovery လုပ်တဲ့အချိန်မှာ တွေ့ရမယ့်စိန်ခေါ်မှုနဲ့ အခွင့်အလမ်းတွေကို ဆွေးနွေးကြမယ်။ သဘာဝဘေးဖြစ်တိုင်းမှာ စီးပွားရေးအရ ပြတ်တောက်မှု၊ Communication အရ ပြတ်တောက်မှုဆိုပြီးရှိတယ်။ ပြတ်တောက်မှုအချိန်ကာလ အတိုဆုံးဖြစ်အောင် ချက်ချင်း Connected ပြန်လုပ်နိုင်ရမယ်ဆိုတဲ့ Strategy တွေ၊ Code of Conduct တွေ၊ Plan တွေ၊ အဲဒါတွေအတွက် Idea ရလိုက်ပါတယ်။

စာမျက်နှာ ၉ သို့ ★

★ စာမျက်နှာ ၈ မှ

**ဒေါက်တာဇော်ဦး ။** ။ တတိယ Panel ကတော့ စီးပွားရေးအရ ပြန်လည်ကုစားနိုင်မယ့်နည်းလမ်းတွေပေါ့။ ဆောက်လုပ်ရေးကဏ္ဍမှာဆိုရင် ငလျင်ရဲ့ထူးခြားတဲ့ သက်ရောက်မှုက လူနေအိမ်ခြေအများစု ပျက်စီးဆုံးရှုံးတယ်၊ ၆၇၀၀၀ ကျော်ပေါ့။ ပြီးရင် ကျွန်တော်တို့ရဲ့ အခြေခံအဆောက်အအုံ၊ လမ်း၊ တံတားတွေ ပျက်စီးဆုံးရှုံးတယ်။ အဲဒီတော့ ပြန်ပြီးတည်ဆောက်တဲ့အပိုင်းမှာ ပါလာတာက ဆောက်လုပ်ရေးကဏ္ဍပေါ့။ ဆောက်လုပ်ရေးကဏ္ဍရဲ့ အခုလောလောဆယ် လိုအပ်ချက်က ငလျင်ဘေးတင်မကဘူး၊ တခြားသဘာဝကပ်ဘေးတွေကိုပါ ပိုပြီး ခံနိုင်ရည်ရှိအောင် ကောင်းကောင်းဆောက်ဖို့ လိုနေတယ်။

လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ မရှိတာတော့ မဟုတ်ဘူး။ ရှိပါတယ်။ သို့သော်လည်း အဲဒီစည်းမျဉ်းစည်းကမ်းတွေ လိုက်နာမှုကို ဘယ်လိုဆောင်ရွက်ကြမလဲ။ ဒီအချိန်မှာ အခွင့်အလမ်းတစ်ခုအနေနဲ့ ဖြစ်လာတာက အရင်တုန်းကတော့ အစိုးရကတော့ တိုက်ရိုက်အုပ်ချုပ်ရေးအမိန့်နဲ့ စည်ပင်သာယာရေးကနေတစ်ဆင့် ဒီအတိုင်း လုပ်ရမယ်၊ ဆောင်ရွက်ရမယ်ဆိုတဲ့ ပုံစံနဲ့ ထိန်းသိမ်းခဲ့တာပေါ့။ သို့သော်လည်း လိုက်နာမှုအားနည်းတယ်ဆိုရင် အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားနဲ့ ဆောင်ရွက်တာနဲ့တင် မလုံလောက်တော့ဘူး။ ဈေးကွက်ရဲ့ သဘောတရားနဲ့လည်း ပြန်ပြီးထိန်းညှိပေးရမယ်ဆိုတော့ ဈေးကွက်ထဲမှာပါလာကြမှာက ဘဏ်တွေပါလာမယ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းတွေ ပါလာမယ်၊ အာမခံလုပ်ငန်းတွေ ပါလာမယ်၊ သို့သော်လည်းပဲ သူတို့အတွက် လိုအပ်နေတာက အစိုးရမှာ ဒီလုပ်ငန်းတွေနဲ့ အခု ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ အံဝင်ခွင်ကျဖြစ်အောင် နိုင်ငံတော်အစိုးရဘက်ကလည်း လိုအပ်နေတဲ့ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ချမှတ်ပေးဖို့ လိုတယ်။ ဒုတိယ Panel က ဒါတွေကို ဆွေးနွေးကြတဲ့အခါ တတိယ Panel က ဒါတွေကို ဆောင်ရွက်နေတဲ့ နိုင်ငံတော်ဘက်က တာဝန်ရှိသူတွေကို ဖိတ်ထားမယ်၊ ပြီးရင် တတိယအကြံပြုနိုင်တဲ့ ပညာရှင်အချို့ကိုလည်း ဖိတ်ထားတယ်၊ ကျွန်တော်တို့ ခေါ်တာတော့ Regulator တွေပေါ့၊ ဒီ Regulator တွေ ကျွန်တော်တို့ရဲ့ ဈေးကွက်စီးပွားရေးကို ညှိနှိုင်းပေးနေတဲ့အဖွဲ့အစည်းတွေမှာလည်း ပြန်လည်ထူထောင်ရေးဈေးကွက်မှာ ဈေးကွက်အားနဲ့ ပြန်ညှိလို့ရအောင် လိုအပ်တဲ့မူဝါဒတွေ ချမှတ်နိုင်အောင် ဆွေးနွေးဖို့ ကျွန်တော်တို့ စီစဉ်ထားပါတယ်။

တတိယ Panel ကတော့ ကျွန်တော်တို့ ခုနက ဆွေးနွေးခဲ့တဲ့ စိန်ခေါ်မှုတွေ၊ အခွင့်အလမ်းတွေ၊ တကယ်လက်တွေ့ ရှေ့လျှောက်ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အဆင်ပြေချောမွေ့စွာ၊ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားနဲ့ အမိန့်ပေးပြီး ဆောင်ရွက်တာတင်မကဘဲ ဈေးကွက်ရဲ့ အားနဲ့လည်း ဆွဲနိုင်ဖို့အတွက် ပိုကောင်းမွန်အောင် လည်ပတ်နိုင်မယ့်ယန္တရားတွေကိုပါ ဈေးကွက်ထဲမှာ တည်ဆောက်သွားဖို့၊ ဒါမှသာလျှင် ပိုမိုကောင်းမွန်တဲ့ ပြန်လည်ထူထောင်တစ်ရပ်ကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**ဦးကိုကို ။** ။ ဖိုရမ်ကို နဂို ဒီဇိုင်းလုပ်ထားတာက တစ်ရက်တာဆွေးနွေးပွဲပါ။ ဒါပေမဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြတော့ စေတနာရှိကြပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးတွေလည်း စေတနာထားကြတယ်။ သူတို့ကိုယ်တိုင်က ဆွေးနွေးမှုက အချိန်လောက်ပါ့မလား၊ ဒီထက်ပိုပြီးတော့ အချိန်တိုးရင် မကောင်းဘူးလားလို့ ဆွေးနွေးပေးတဲ့အတွက် ကျွန်တော်တို့က နောက်ထပ် ၃၁ ရက်နေ့ နေ့တစ်ဝက် အချိန်ယူလိုက်ပါတယ်။ ကျွန်တော်တို့အတွက် အဲဒီနေ့တစ်ဝက်ကလည်း ထူးခြားတဲ့ နေ့တစ်ဝက်ပါ။ Round Table Discussion တစ်နည်းအားဖြင့် Public Private Dialogue ပါ။ လက်တွေ့ကျကျ ဆောင်ရွက်နိုင်တဲ့အဖြေကို ထုတ်ဖို့ပါ။ ဒီဇိုင်းအရ UMFCCI အပိုင်းက ပြောနိုင်ဆိုနိုင်တဲ့၊ ကိုယ်စားပြုအဖွဲ့ပါမယ်၊ နိုင်ငံတော်အပိုင်းကလည်း ကိုယ်စားပြုဆွေးနွေးမယ့်သူတွေပါလာမယ်၊ Host တွေ၊ Organizer တွေလည်း ပါလာမယ်။ အဲဒီမှာ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးကြပါမယ်။

**ဒေါ်ခိုင်ခိုင်နွယ် ။** ။ ပထမနေ့ကတော့ Speaker တွေက အချိန်ကော၊ လူကောအကန့်အသတ်ရှိတာပေါ့၊ Panel မှာတော့ လူကလေးယောက်ဆိုရင် လေးယောက်ပဲ၊ အချိန်အရလည်း ဒါပဲ ပြောရမှာပေါ့။ အဲဒီမှာ ထွက်လာတဲ့ ရလဒ်ပေါ့၊ ရလဒ်တွေကို ဒုတိယနေ့မှာ ပြန်ပြီးဆွေးနွေးကြမှာ၊ အဲဒီအခါမှာ ဆွေးနွေးမယ့်သူက Panel ပေါ်မှာချည်း မဟုတ်တော့ဘဲ သက်ဆိုင်ရာ Stakeholder တွေ ထပ်ပါလာမှာပါ။ ကျွန်မမြင်တာကတော့ ပိုပြီးတော့ ထဲထဲဝင်ဝင်နဲ့ ထိရောက်မှုရှိမယ်လို့ မြင်တယ်။ ဒါကြောင့် ဒုတိယနေ့မှာ ဖိတ်မယ့်သူတွေကိုလည်း ကိုယ်စားပြုနိုင်အောင် ရွေးချယ်နေပါတယ်။ ပထမနေ့မှာ တက်ရောက်ပြီး နားထောင်တဲ့သူဖြစ်ရင်ပိုကောင်းတာပေါ့။ ပထမနေ့ နားထောင်ပြီးတော့ အားသာချက်၊ အားနည်းချက်တွေကို Note down ယူသွားပြီး ဒုတိယနေ့မှာ ပြန်ပြီးဆွေးနွေးကြတဲ့အခါ အားသာချက်၊ အားနည်းချက်ကိုလည်း ဆွေးနွေးပေးမယ်။ ဒီဘက်က မစဉ်းစားမိတဲ့အဖြေကို ပေးနိုင်ရင်လည်း ကောင်းတယ်။ ဘယ်သူတွေကတော့ ပါကို ပါရမယ်၊ ဘယ်သူတွေကို ဖိတ်ကြားမယ်ဆိုတာ စဉ်းစားထားပါပြီ။

**ဦးကိုကို ။** ။ ဒုတိယနေ့ နေ့တစ်ဝက် ဆရာဇော်ဦးနဲ့ UMFCCI က ကိုယ်စားလှယ်နဲ့ သဘာပတိတွေအဖြစ် ဆောင်ရွက်ကြမယ်။ ဒုတိယနေ့မှာ နိုင်ငံတော်အတွက်လည်း အကျိုးရှိမယ်၊ ပြည်သူတွေအတွက်လည်း အကျိုးခံစားရမယ်၊ စီးပွားရေးလုပ်ငန်းရှင်တွေအတွက်လည်း အကျိုးဖြစ်ထွန်းမယ်၊ Win-Win-Win သုံးခုစလုံး အကျိုးခံစားရမယ့်ရလဒ်တွေ၊ လက်တွေ့ကျတဲ့ ချဉ်းကပ်မှုတွေ၊ လက်တွေ့ကျတဲ့ Implementation တွေ ပေါ်ထွန်းလာဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဇော်ဦး ။** ။ ဒုတိယနေ့ရဲ့ အနှစ်သာရကတော့ Round Table သဘောပေါ့။ စားပွဲဝိုင်းမှာ အားလုံးဝိုင်းထိုင်ပြီးတော့ ဝိုင်းပြီး ဒူးတိုက်ဆွေးနွေးတယ်ဆိုတဲ့ အနှစ်သာရဟာ အရေးကြီးပါတယ်။ ဘာကြောင့် အရေးကြီးတယ်ဆိုတော့ Panel လို သီးခြားစီ ခေါင်းစဉ်အလိုက်ဆွေးနွေးတဲ့အခါ သက်ဆိုင်ရာကဏ္ဍနဲ့ သက်ဆိုင်ရာဒေသတွေက သူတို့ရဲ့အမြင်နဲ့ သူတို့ရဲ့အတွေ့အကြုံနဲ့ ပြန်လည်ထူထောင်ရေးကို ပုံဖော်ဖို့ ဆွေးနွေးကြတာဖြစ်ပါတယ်။ စကားဝိုင်းမှာ ဝိုင်းထိုင်ပြီး အားလုံးဆွေးနွေးကြတာကတော့ ကဏ္ဍပေါင်းစုံ၊ ဒေသပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို ဖော်ထုတ်နိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပြန်လည်ထူထောင်ရေးမှာ ဦးစားပေးတွေက ဘာလဲ၊ ပြည်သူတွေကတော့ ဦးစားပေး အရေးကြီးဆုံးပါ။ စီးပွားရေးအရတော့ အားလုံးကို ကုစားရမှာ မှန်သော်ငြားလည်း အခုလောလောဆယ် အချိန်ကာလတစ်ခုအနေနဲ့ အနီးကပ်မှာ ဆောင်ရွက်ရမယ့်ကိစ္စရပ် Quick Win လေးတွေပါ။ ဥပမာဆိုရင် ကျောင်းဖွင့်ချိန်ပါ။ ကျွန်တော်တို့အတွက် ကံကောင်းတာကတော့ ကျောင်းပိတ်ထားတဲ့အချိန် ငလျင်လှုပ်တာဖြစ်တယ်၊ ကျောင်းတွေ ပြိုကျပေမယ့် ကျောင်းတက်တဲ့အချိန် မဟုတ်ဘူး။ သို့သော် ဒီတိုင်းကျောင်းတွေ ဆက်ပြီးမဖွင့်နိုင်ရင် ကလေးငယ်တွေ တော်တော်များများ ပညာရေးအရ ဆုံးရှုံးမှုတွေ ဖြစ်နိုင်တယ်။ ဒီကနေ တစ်ဆင့်ပြီးတစ်ဆင့် စီးပွားရေးအရလည်း အများကြီးဆုံးရှုံးနစ်နာမှုတွေ ရှိနိုင်တယ်။ ဒီဟာတွေကို လုပ်နေတဲ့ အရပ်ဘက်အဖွဲ့အစည်းတချို့က ဒီဟာကို တင်ပြဖို့ စဉ်းစားထားတာရှိတယ်။ ပညာရေးဝန်ကြီးဌာနကလည်း လာရောက်ဆွေးနွေးမှာလည်းရှိတယ်။ သို့သော် ဒီဟာကိုဦးစားပေးအနေနဲ့ ပုဂ္ဂလိကကော ဘယ်လိုဖြည့်ဆည်းပေးနိုင်မလဲ။ ဘာကြောင့်လဲဆိုတော့ ပုဂ္ဂလိက စာသင်ကျောင်းတွေလည်း အများကြီးရှိတယ်။ လာပြီး ဆွေးနွေးမယ့်သူဆိုရင် သူကိုယ်တိုင်က မန္တလေးဒေသမှာ ပုဂ္ဂလိကစာသင်ကျောင်းတွေ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ သူကလည်း ကျွန်တော်တို့ကို ဆွေးနွေးပေးမယ်လို့ ပြောထားတာရှိပါတယ်။ အဲဒီလို Quick Win ရနိုင်မယ့် ကိစ္စတွေကိုလည်း ဒုတိယနေ့မှာ အားလုံးဝိုင်းပြီး ဆွေးနွေးနိုင်မှာဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ အရင်းအမြစ်တွေကို ဘယ်လိုပြန်ပြီး စုစည်းကြမလဲ။ ဘာကြောင့်လဲဆိုရင် ဆုံးရှုံးမှုက ကြီးတယ်။ ပုဂ္ဂလိက တစ်ဦးတည်းလည်း လုပ်လို့မရဘူး၊ အစိုးရတစ်ဦးတည်းလည်း လုပ်လို့မရဘူး။ အစိုးရနဲ့ ပုဂ္ဂလိက ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲပေါ့။ ဆောင်ရွက်တဲ့ပုံစံတွေက ကဏ္ဍအလိုက် ဆောင်ရွက်မှာလေးတွေရှိတယ်၊ အရေးတကြီး စဉ်းစားရမယ့်ကိစ္စက ရန်ပုံငွေလိုမျိုး ဒါကို စုပေါင်းပြီးတော့ ဖြေရှင်းလိုက်ရင် အဆင်ပြေနိုင်မလဲ။ ဘာသာရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာအရလည်း အားလုံးအတူတစ်ခုကို စုပေါင်းပြီးတော့ လှူကြတယ်။ အဲဒီလိုမျိုး စုပေါင်းရန်ပုံငွေ ဘယ်လိုထူထောင်မလဲ၊ ရန်ပုံငွေကိုလည်း နည်းနည်းများများ ထည့်တဲ့သူတွေအားလုံး အကျိုးရှိအောင် ဘယ်လိုပြန်အသုံးချမလဲဆိုတဲ့ အစီအစဉ်တွေ စနစ်တကျ ရေးဖို့လိုသလို သုံးစွဲမှုတွေကလည်း ပြည်သူတွေဆီကို တိုက်ရိုက် ဘယ်လိုဖြန့်ဖြူးပေးနိုင်သလဲဆိုတာ စစ်ဆေးခံနိုင်တဲ့ နည်းစနစ်တွေ ကျင့်သုံးပြီး လုပ်နိုင်ပြီဆိုရင် ဖိုရမ်အပြီးမှာ နောက်ဖိုရမ်တွေနဲ့ အသေးစိတ်လုပ်ရမှာတွေလည်း ရှိမှာပါ။ ဒါတွေကို ဆက်လုပ်နိုင်ဖို့ ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးနေကြတာလည်းရှိပါတယ်။

**ဒေါ်ခိုင်ခိုင်နွယ် ။** ။ ခုနက ဆရာပြောသလို ကျွန်မတို့ Chamber က စီးပွားရေးလုပ်ငန်းတစ်ခုတည်းတင် မဟုတ်ဘူး။ ကျောင်းတွေကအစ၊ ကလေးတွေက ကျောင်းတွေ မကြာခင် ဖွင့်တော့မယ်၊ ဒါကြောင့် စစ်ကိုင်းဘက်မှာ ကျောင်းတွေ ပြင်တာတွေ ကျွန်မတို့ လုပ်တယ်၊ Chamber ကလည်း လုပ်တယ်၊ Chamber Member တွေလည်း ဝိုင်းလုပ်ကြတယ်။ ဒါက ကျွန်မတို့ ဆောင်ရွက်နေတဲ့ ကိစ္စတွေပါ။ ဒီမှာ ကျွန်မတစ်ခု ဆွေးနွေးချင်တာက ဆရာလာဆွေးနွေးတဲ့အချိန်မှာ Chamber အနေနဲ့ ချက်ချင်းပဲ အားထည့်ပြီး လုပ်မယ်လို့ ပြောလိုက်တာက ဒီအချိန်မှာ လုပ်ဖို့လည်း လိုအပ်တယ်။ အများပြည်သူကို သိစေချင်တဲ့ကိစ္စတွေပါ။ လုပ်ငန်းရှင်တွေကိုလည်း အသိပညာပေးဖို့ လိုအပ်သလို ပြည်သူတွေကိုလည်း အသိပညာပေးဖို့ လိုအပ်တယ်။ ကျွန်မတို့ဘက်က ဂရုစိုက်ရမယ့် ကိစ္စရပ်တွေရှိသလို ပြည်သူတွေအနေနဲ့ ပိုနားလည်စေချင်တဲ့ ကိစ္စတွေလည်းရှိပါတယ်။ ပစ္စည်းဝယ်တာက အစပါ၊ အခုက အဆောက်အအုံလို့သာ ပြောလိုက်တာ ပစ္စည်းအားလုံး အများကြီးပါသွားမှာပါ။ တစ်ခုပဲ ကျွန်မ ပြောချင်တာက ကျွန်မတို့ စကားဝိုင်းလုပ်တဲ့ ရည်ရွယ်ချက်က ဆရာပြောတဲ့ Public Private Dialogue ပါ။ ဒီမှာ ကျွန်မအနေနဲ့ Public Private Constructive Dialogue လို့ ထပ်ထည့်ချင်ပါတယ်။ အားလုံးအတွက် Constructively အဖြေတစ်ခု ရှာချင်လို့ပါ။ တိုင်းပြည်၊ လုပ်ငန်းရှင်၊ ပြည်သူအားလုံးအတွက်ပါ။ အားလုံးအတွက် ကောင်းမွန်တဲ့ အဖြေတစ်ခုကို ရှာချင်လို့ ဒီပွဲကို လုပ်တာဖြစ်တဲ့အတွက် ဒီဟာက ရိုးရိုး Dialogue မဟုတ်ပါဘူး။ Public Private Constructive Dialogue လို့ ပြောချင်တာပါ။

**ဒေါက်တာဇော်ဦး ။** ။ ငလျင်ကြီး ဖြစ်လိုက်တော့ ပြန်ပြီး ကြည့်လိုက်ရင် ကျွန်တော်တို့နိုင်ငံအတွက် ပထဝီနိုင်ငံရေးအနေအထားမှာ အင်မတန်မှ ကောင်းမွန်တဲ့ရလဒ်တွေ ရလိုက်တာက အိမ်နီးချင်းနိုင်ငံ တော်တော်များများက သူတို့အခေါ်တော့ Golden Hour ပေါ့၊ ၄၈ နာရီအတွင်းမှာ ရောက်လာကြတယ်၊ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား စသဖြင့် ရောက်ကြတဲ့အခါမှာ တော်တော်များများ ရာနဲ့ချီ ပိတ်မိနေတဲ့ သူတွေကို ကယ်ဆယ်လိုက်နိုင်တယ်။

ပြီးရင် သူတို့ဆီက ကယ်ဆယ်ရေးပစ္စည်းတွေက တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးဂိတ်တွေ ပိတ်နေတဲ့ကြားထဲက ရောက်လာတယ်။ သဘာဝကပ်ဘေးတင်မကဘူး။ ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေတဲ့ ငြိမ်းချမ်းရေးကိစ္စတွေအတွက်ပါ အိမ်နီးချင်းနိုင်ငံတွေရဲ့ ပံ့ပိုးဆောင်ရွက်နေမှုတွေဟာ ငလျင်ဘေးကနေတစ်ဆင့် ထပ်ပြီး ဆောင်ရွက်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ရိုးရိုးကယ်ဆယ်ရေးပစ္စည်းတင်မကတော့ဘူး။ ပြန်လည်ထူထောင်ရေးကျရင်လည်း ကျွန်တော်တို့ အားကိုးရမှာက တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့က ပစ္စည်းတွေရော၊ နည်းပညာရော များများယူဖို့လိုတယ်။ အဲဒီအခါကျရင် သူတို့က နယ်စပ်ဖြတ်ကျော်ပြီး ပေးကြမှာတွေရှိတယ်။ ကျွန်တော်တို့နဲ့ ပိုပြီးပူးပေါင်းဆောင်ရွက်ကြမှာတွေရှိတယ်။ အဲဒီလို အခွင့်အလမ်းတွေကိုလည်း ကျွန်တော်တို့ တံခါးဖွင့်ပေးနိုင်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ကိစ္စကိုပါ ကျွန်တော်တို့ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

**ဦးကိုကို ။** ။ ငလျင်ဘေးကြောင့် နိုင်ငံတကာ၊ အိမ်နီးချင်းတွေ၊ ကျွန်တော်တို့နဲ့ နီးနီးမှာ ရှိတဲ့သူတွေ၊ မနီးမဝေးမှာ ရှိတဲ့သူတွေ အကုန်လုံးက လာရောက်ကြတယ်၊ ကူညီကြတယ်၊ ပံ့ပိုးကြတယ်။ ထိုနည်းတူပဲ ပြည်တွင်းမှာရှိတဲ့ ပြည်သူတွေ၊ စီးပွားရေးလုပ်ငန်းရှင်အဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ အနုပညာရှင်တွေ၊ အလွှာအသီးသီးက ဒီထဲမှာ လုပ်ကြတယ်၊ ဆောင်ရွက်ကြတယ်။ ဒါကတော့ မြန်မာစကားပုံနဲ့ ပြောရင် အရေးကြီးရင် သွေးနီးတယ်၊ ကျွန်တော်တို့ အသိတွေ၊ နှလုံးသားတွေ နီးစပ်လာကြတယ်။ နီးစပ်လာတဲ့အချိန်မှာ ဖိုရမ်ကြီးလုပ်တယ်၊ ဖိုရမ်မှာ ဆရာပြောသလို အဖွဲ့အစည်းအသီးသီးတွေ လာပြီးဆွေးနွေး တိုင်ပင်ကြမယ်၊ အဖြေရှာကြမယ်၊ ဒီဖိုရမ်ကနေ နောက်ထပ်ညီညွတ်မှုလည်း ရနိုင်တယ်၊ အားလုံးနဲ့ ပေါင်းစည်းမှု၊ စည်းလုံးညီညွတ်မှုကို ရရှိမယ်လို့ ထင်ပါတယ်။ ပူးပေါင်းကူညီမှုကနေ ပူးပေါင်းစည်းလုံးညီညွတ်မှုဆီသို့ ဆိုတဲ့အရွေ့တစ်ခုအတွက် ကျွန်တော်တို့က ရည်ရွယ်ပြီးတော့ အတတ်နိုင်ဆုံး စဉ်းစားဆောင်ရွက်ကြပါတယ်။ အဲဒီအတွက် ဖြစ်အောင်လို့ ဆရာ၊ ဆရာမတို့အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြမယ်လို့ မျှော်လင့်ပါတယ်။

**မေထက်**

**ဓာတ်ပုံ - အေးသန်း**

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် မေ ၂၈

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမအသင်းသားတောင်သူများထံ မျိုး၊ သွင်းအားစုများ ပေးအပ်၊ လယ်ယာဝန်ဆောင်မှု သရုပ်ပြထွန်ယက်စိုက်ပျိုးခြင်း ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မျိုးစေ့ထုတ်ကုမ္ပဏီများ၊ သွင်းအားစုကုမ္ပဏီများ၊ လယ်ယာသုံးစက်ကိရိယာ ရောင်းချသည့် ကုမ္ပဏီများ ပူးပေါင်းကျင်းပသည့် မျိုး၊ မြေဩဇာ သွင်းအားစုပေးအပ်ခြင်း၊ သမဝါယမလယ်ယာဝန်ဆောင်မှုသရုပ်ပြခြင်းနှင့် စုပေါင်းထွန်ယက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရုံးပင်ဇော်ကျေးရွာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သမဝါယမအသင်းသားတောင်သူများ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုကဲ့သို့ မျိုးကောင်းမျိုးသန့်ရရှိရေး၊ သွင်းအားစုအချိန်မီရရှိရေးတို့အတွက် လယ်ယာဝန်ဆောင်မှုချိတ်ဆက်ခြင်းအခမ်းအနားများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ နေပြည်တော်အပါအဝင် မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများ၌လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ထွန်စက်ရောင်းချသည့် ကုမ္ပဏီများနှင့်ချိတ်ဆက်၍ လယ်ယာသုံးစက်ကိရိယာ ၅၈ စီးကို သမဝါယမအသင်းသားတောင်သူများအတွက် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း။

လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းများအနေနှင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၃၂ မြို့နယ်၊ သမဝါယမအသင်း ၁၆၂ သင်းမှ အသင်းသားများသို့ ရိတ်သိမ်းခြွေလှေ့စက် ၁၁၄ စီး၊ ထွန်စက်ကြီး ၄၅၂ စီးနှင့် အခြားစက် ၆၄ စီး စုစုပေါင်းစက် ၆၃၀ ဖြင့် ထွန်ယက်ဧက ၃၈၅၀၂၀ ဒသမ ၆၇ ဧကနှင့် ရိတ်/ခြွေဧက ၆၇၉၄၈ ဒသမ ၈၅ ဧကတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နေပြည်တော်တွင် သမဝါယမအသင်းပိုင်၊ အသင်းသားပိုင် စက်ကိရိယာများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ စက်ကိရိယာ ၃၄ စီးတို့ဖြင့် ထွန်ယက်ဧက ၁၉၁၈၇ ဧကနှင့် ရိတ်/ခြွေဧက ၅၅၉၅ ဧကကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

စီမံကိန်းသီးနှံများစိုက်ပျိုးမည့် အသင်းသားတောင်သူများအနေဖြင့် ဒါရိုက်တာအဖွဲ့ဝင်များက ဦးဆောင်ပြီး အထွက်နှုန်းကောင်းသည့် မျိုး၊ သွင်းအားစုများကို စုပေါင်းဝယ်ယူခြင်း၊ စုပေါင်းထွန်ယက်ခြင်း၊ အချိန်မီစုပေါင်းစိုက်ပျိုးခြင်း၊ စုပေါင်းရိတ်သိမ်းခြင်းစသည့် နည်းလမ်းများနှင့် ဆောင်ရွက်ခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းကို ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် စုပေါင်းရောင်းချခြင်းကိုလည်း အတူတကွလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အရင်းအနှီးထောက်ပံ့ပေးနိုင်မှု၊ နည်းပညာပံ့ပိုးပေးနိုင်မှု၊ မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးနိုင်မှုအခြေအနေများကို ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို သမဝါယမအသင်းများ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တာဝန်ရှိသူတစ်ဦးက ဘဏ်အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက လယ်ယာဝန်ဆောင် ထွန်ယက်စိုက်ပျိုးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ သမဝါယမအသင်းသားတောင်သူများ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပြီး ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က သမဝါယမအသင်းသားတောင်သူများ၏ လယ်မြေဧကတစ်သောင်းကျော်အတွက် ငွေကျပ်သန်း ၂၂၈၀ တန်ဖိုးရှိ အစေ့ချစက်၊ စပါးမျိုးစေ့၊ ဝါမျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ကာ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ အစေ့ချစက်များကိုလည်းကောင်း၊ တောင်သူများနှင့် ချိတ်ဆက်ရောင်းချပေးနေမှု အခြေအနေကိုလည်းကောင်း၊ သမဝါယမလယ်ယာဝန်ဆောင်မှု ထွန်ယက်သရုပ်ပြသနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့နယ်၌ တောင်သူများစိုက်ပျိုးထုတ်လုပ်မှု ပိုမိုထိရောက်လာစေရန် AI ဉာဏ်ရည်တုနည်းပညာ ပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်



နေပြည်တော် မေ ၂၈

တောင်သူများအနေဖြင့် ခေတ်မီနည်းပညာများကို လက်လှမ်းမီစေရန်ရည်ရွယ်ပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်စေရန် AI ဉာဏ်ရည်တုနည်းပညာပြန့်ပွားရေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ပျဉ်းမနားမြို့နယ် စိုက်ပျိုးပညာပေးဝန်ထမ်းများက စိုက်ပျိုးစီးပွားအသိပညာပေးစင်တာများ၊ ကျေးရွာဓမ္မာရုံများ၊ ကျေးရွာအစည်းအဝေးခန်းမများ၊ တောင်သူများ၏ဖုန်းထဲသို့ Software များ ထည့်သွင်းပေးခြင်း၊ အသုံးပြုခြင်းနည်းလမ်းများကို စမ်းသပ်ပြသခြင်းစသည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကျေးရွာအုပ်စုပေါင်း ၁၉ အုပ်စု၊ ကျေးရွာပေါင်း ၇၁ ရွာရှိ ဝန်ထမ်း၊ တောင်သူပေါင်း ၅၈၄ ဦးတို့အား AI ဉာဏ်ရည်တုနည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



## ပုဗ္ဗသီရိမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများအား အထွက်တိုးမျိုးစပါးများ ဖြန့်ဖြူးပေးအပ်

နေပြည်တော် မေ ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော်သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဗ္ဗသီရိမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ (သက်တန့်ရောင်သမဝါယမဖွံ့ဖြိုးမှု) စီမံကိန်းတို့မှ မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား အထွက်တိုး အောင်နိုင်တိုး မျိုးစပါးများကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးအပ်ခြင်းကို မေ ၂၆ ရက်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ဖြန့်ဖြူးပေးရာတွင် သမဝါယမအသင်းရှစ်သင်းမှ အသင်းသားတောင်သူ ၇၄ ဦး၏ ၁၇၄ ဧကအတွက် အထွက်တိုး အောင်နိုင်တိုးမျိုးစပါးအိတ် ၂၂၀ နှင့် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ (သက်တန့်ရောင် သမဝါယမဖွံ့ဖြိုးမှု) စီမံကိန်းကဏ္ဍမှ သမဝါယမအသင်း ကိုးသင်းမှ အသင်းသားတောင်သူ ၁၃၀ ၏ ၂၆၉ ဧကအတွက် အထွက်တိုး အောင်နိုင်တိုးမျိုးစပါး ၃၅၂ အိတ် စုစုပေါင်း ၅၇၂ အိတ်ကို တာဝန်ရှိသူများက အသင်းသားတောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေးပေး

မင်းလှ မေ ၂၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ၂၀၂၅ ခုနှစ် မိုးစပါးစိုက်တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမွှံက ချေးငွေများထုတ်ယူရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စုပေါင်း ၅၆ အုပ်စုမှ မိုးစပါးစိုက်ပျိုးစရိတ် အစောဆုံးအကျေပေးဆပ်နိုင်သည့်



သာယာကုန်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၁၄၂ ဦး၏ ကေပေါင်း ၁၀၃၄ ဧကအတွက် တစ်ဧကလျှင် ၁၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၅၅၁၀၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၂၈

ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ငလျင်ဘေးဒဏ်သင့် စစ်ကိုင်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု လိုက်လံကြည့်ရှု

မုံရွာ မေ ၂၈

အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှု နှစ်လပြည့်အဖြစ် ဆုတောင်းမေတ္တာပို့သ၍ အမျှအတမ်းပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးရှိ သာသနာ့ဗိမာန်တွင် ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် ခေမာသီဝံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြကာ ဆရာတော်ကြီးများနှင့် ပင့်သံဃာဆရာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်)စစ်ကိုင်းမြို့ ရွှေဘုန်းပွင့်ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညိုကာ ရေစက်သွန်းချ အမျှပေးဝေကြပြီး "အနိစ္စဝတ သင်္ခါရ" အစချီသော သံဝေဂဂါထာအား ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်ကြီးသို့ ရောက်ရှိ၍ စေတီတော်ကြီး ကြံ့ခိုင်မှုများ ပြန်လည်စစ်ဆေးရန်အတွက် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စေတီတော်ကြီးမြောက်ဘက်မုခ်ရှိ မေတ္တာကန်တော် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု အဆင်ပြေစေရန်အတွက် စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ တစ်ထပ်ကျောင်းဆောင်အဆောက်အအုံလေးလုံး တည်ဆောက်နေမှုနှင့် ရွာထောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ တစ်ထပ်ကျောင်းဆောင် နှစ်ဆောင်နှင့် အာဆီယံ The AHA Centre က ထောက်ပံ့လှူဒါန်းသည့် ကွန်တိန်နာကျောင်းဆောင် (Prefabricated Schools) တစ်လုံး တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့ နှစ် (၇၀၀) ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည့် ငလျင်ဘေးသင့် ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောက်ရွက်ပေးခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ငလျင်ဘေးသင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြကာ ငလျင်ဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံဝေငှပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေသည့် မလေးရှားနိုင်ငံ ဆေးကုသမှုအဖွဲ့အား တိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုနေ့လယ်စာဖြင့်တည်ခင်းဧည့်ခံပွဲသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က မလေးရှားနိုင်ငံ စစ်သံမှူးနှင့် ဆေးကုသရေးအဖွဲ့ခေါင်းဆောင်တို့ထံ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ငလျင်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မန္တလေးတောင်တော်ဆုတောင်းပြည့်ဘုရားရင်ပြင်တော်ရှိ အမိုးခုံးတိုင်များ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ မန္တလေးတောင်တော်သို့ သွားရောက်၍ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများနှင့် ဘုရား၊ စေတီပုထိုးများ၌အပျက်အစီးများ ရှင်းလင်းဖယ်ရှား ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် Sky Villa နေရာသို့ သွားရောက်၍ အပျက်အစီးများ ရှင်းလင်းရန် ကျန်ရှိသည့် " A " ဆောင်ကို ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများ လုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ဖြိုဖျက်ပြီးသော အဆောက်အအုံနေရာများတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ လုပ်ငန်းခွင်အနီးရှိပစ္စည်းလက်ခံ/ လွှဲပြောင်းရေးအဖွဲ့ ယာယီရုံး၌ Sky Villa အဆောက်အအုံ အပျက်အစီးများအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ဖယ်ရှားရှင်းလင်းစဉ် တွေ့ရှိခဲ့သော ပစ္စည်းများကို ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှုနှင့် ထိန်းသိမ်းထားရှိမှုများနှင့် သက်ဆိုင်ရာပိုင်ရှင်များ လက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ စားသောက်ဖွယ်ရာများပေးအပ်ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများအား ဖြိုချကာ အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှုနှင့် ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေးဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် တိုးချဲ့ (၄)ရပ်ကွက်ရှိဘြိရတနာမဟာအောင်မြေမြတ်စွာဘုရားခြောက်ဆူကုန်းတော်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော စေတီပုထိုးများနှင့် ဘုရားပရိဝုဏ်အတွင်းရှိ ရှေးဟောင်းအုတ်ကျောင်းတော်ကြီးတို့၌ တပ်မတော်သားများက ဖယ်ရှား ရှင်းလင်းနေမှုတို့ကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမရပူရမြို့နယ် မှန်တန်းရပ်ရှိ မင်းတုန်းမင်းမယ်တော် ပြာအိုးအုတ်ဂူ၊ ဝါးတန်းမြောက်အရပ်ရှိ သက်တော်ရသက်တော်ရှည် မြတ်စွာဘုရား၊ မှန်တန်းရပ်ရှိ ပင်မပတ္တမြားရိပ်သာနှင့် မဟာဝေယံဘုံသာဗားကရာကျောင်းတော်ကြီးတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား အဖွဲ့အစည်း အသီးသီးက ရှင်းလင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြုရာတွင် Oriental Highway Company နှင့် မြန်မာပြည်ဖွား တရုတ် ဟုတ်ကြန့် မျိုးနွယ်များက ပူးပေါင်းရှင်းလင်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပင်မပတ္တမြားရိပ်သာ ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် စဥ့်ကိုင်မြို့နယ်ရှိမြစ်မိးရောင်ခန်းမ၌ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်၍ ဒေသခံပြည်သူများအား အဆောက်အအုံများ ပြန်လည် တည်ဆောက်ရာတွင် တည်ဆောက်ရမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့်ပစ္စည်းများအား ကျွမ်းကျင်သူများနှင့် တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်သွားရန် အသေးစိတ်ဆွေးနွေး၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ဒေသခံပြည်သူများ၏ သိရှိလိုသည့်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ယင်းနောက် စဥ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့်လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် စဥ့်ကိုင်မြို့နယ် အိုးထိန်းတောင်ကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း (အိုးထိန်းတောင်) ကျောင်းဝင်းအတွင်းနှင့် စိတ္တရကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (စိတ္တရ) ကျောင်းဝင်းအတွင်းတို့၌ ယာယီကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ စဥ့်ကိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးဝင်းအတွင်းရှိ Modular Container House များဖြင့် (ယာယီ)ရုံးဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် မေ ၂၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသော ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်အသင်းနှင့် ပျဉ်းမနားမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။ ယခုကျင်းပသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မြို့နယ်ရှစ်မြို့နယ်မှ အသင်းရှစ်သင်းဖြင့် မေ ၂၈ ရက်မှ ဇွန် ၆ ရက်အထိ ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအပိုင်းအနီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပျဉ်းမနား-တောင်ညိုလမ်းနှင့် ရာဇသင်္ဂဟလမ်းမကြီး မြေထိန်းနံရံများအား စက်ယန္တရားများဖြင့် ပြန်လည်ဖယ်ရှား ပြုပြင်ဆောင်ရွက်နေမှုများကို သွားရောက်စစ်ဆေးပြီး လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင် ပြုပြင်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ မြေယာရှုခင်းပန်းအလှပင်များကို စနစ်တကျဆယ်တင်ရွှေ့ပြောင်းပြီး ပြန်လည်စိုက်ပျိုးနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ရာဇသင်္ဂဟလမ်းနှင့် ရာဇဌာနီလမ်းများသို့ သွားရောက်ပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများအား စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်နေမှုနှင့် လမ်းခင်းခြင်းဆောင်ရွက်နေမှု၊ ဥတ္တရသီရိမြို့နယ် ကျိုင်းတုံလမ်းသို့သွားရောက်ပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသောပင်မရေပိုက်လိုင်းများနှင့် ရေပေးဝေရေးပိုက်လိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သောက်သုံးရေများ ရာနှုန်းပြည့်အမြန်ပြန်လည်ရရှိအောင် ဆောင်ရွက်ရေး၊ လုပ်သားအင်အား တိုးမြှင့်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးထိန်လင်း (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံ ၂၀၂၅ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

**ရန်ကုန် မေ ၂၈**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ အားကစားသမားများနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

**ပြောကြား**

ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ အားကစားနည်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ အရေအတွက်များကို ယနေ့အတည်ပြုပြီး မေ ၂၉ ရက်တွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးကော်မတီသို့ ပေးပို့ရမည်ဖြစ်၍ နောက်ပိုင်းတွင် အတိုး/အလျှော့ အပြောင်းအလဲများပြုလုပ်ရန်ခက်ခဲမည်ဖြစ်ကြောင်း၊ ယခုသွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ချုပ်များအနေဖြင့် မိမိတို့သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ အရေအတွက်နှင့် ပြိုင်ပွဲတွင်ဆုရရှိနိုင်မှု အခြေအနေများကို တင်ပြဆွေးနွေးစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအရေအတွက် မိမိတို့အဖွဲ့ချုပ်အလိုက် အားကစားသမားများ ဆက်လက်စခန်းသွင်းလေ့ကျင့်နေမှုအခြေအနေများ၊ အားကစားလေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများ သယ်ယူနိုင်ရေးကိစ္စရပ်များ၊ လေ့ကျင့်ရေးရုံနှင့်လေ့ကျင့်ရေးကွင်း အဆင်ပြေစေရေးကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်သူများက တင်ပြဆွေးနွေးမှုများအပေါ် ထပ်မံဖြည့်စွက်ဆွေးနွေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အင်းယားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ယနေ့ပွဲစဉ်များအဖြစ် မီတာ ၅၀၀ ပြိုင်ပွဲတွင် အမျိုးသား(၁၀)တက်လှေပြိုင်ပွဲ၊ အမျိုးသမီး(၁၀)တက်လှေပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး(၁၀)တက် လှေပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး(၂၀)တက် လှေပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးဘော်လီဘောအသင်းအား တွေ့ဆုံမှာကြား

**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး အသင်းအား တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အမှာစကားပြောကြားအားပေး၍ အသင်းအောင်နိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၆ သိန်းကို ပေးအပ်ချီးမြှင့်ပြီး အလှူရှင် ဦးရန်မျိုးဝင်းနှင့် အလှူရှင် မန်းအောင်ဆွေလင်း ကလပ် ဘော်လီဘောအသင်း ဥက္ကဋ္ဌ ဦးဇော်ဦးတို့က ပံ့ပိုးငွေကျပ် သိန်း ၃၀ တို့ကို ထောက်ပံ့ချီးမြှင့်ပေးအပ်ရာ အသင်းအုပ်ချုပ်သူ-နည်းပြများက လက်ခံရယူသည်။

**မှာကြား**

ဆက်လက်၍ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ တိုင်းဒေသကြီး ဘော်လီဘော ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း (လက်ရွေးစင်ဟောင်း) အတွင်းရေးမှူး ဦးမြင့်ဆွေတို့က ပြိုင်ပွဲဝင်များအနေဖြင့် ရှမ်းပြည်နယ် (တောင်ကြီးမြို့)၌ ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ စည်းကမ်းဥပဒေများအတိုင်း တိကျစွာလိုက်နာ၍ အားကစားစိတ်ဓာတ်အပြည့်ဖြင့် စည်းစည်းလုံးလုံးပူးပေါင်းကာ ထပ်ဆင့်အောင်ပွဲခံယူ ယှဉ်ပြိုင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။




**တင်မောင်-မန်း**



# ဂါဇာဒေသတွင် ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရန်နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဝင်ရောက်နိုင်ရေး အင်ဒိုနီးရှားနှင့် ပြင်သစ်ပန်ကြား

ဂျေရုဆလင် မေ ၂၈

ဂါဇာဒေသတွင် ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရန်နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဝင်ရောက်နိုင်ရေးတို့အတွက် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီရန်တိုနှင့် ပြင်သစ်သမ္မတမက်ခရွန်တို့က မေ ၂၈ရက်တွင် ပန်ကြားခဲ့ကြောင်း သိရသည်။

ပြင်သစ်သမ္မတမက်ခရွန်သည် အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေပြီး ၎င်းအား သမ္မတနန်းတော်တွင် အင်ဒိုနီးရှားသမ္မတပရာဘိုဝို ဆူဘီရန်တိုက လက်ခံတွေ့ဆုံကာ ကဏ္ဍအများအပြားတွင် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ နိုင်ငံတကာဥပဒေကို သက်ဆိုင်ရာအဖွဲ့အစည်းများ လိုက်နာရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့အကြားသဘောတူညီခဲ့ကြောင်း အစ္စရေး-ပါလက်စတိုင်းပဋိပက္ခကို ရည်ညွှန်း၍ သမ္မတပရာဘိုဝိုက ပြောကြားသည်။ ပါလက်စတိုင်အား အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် အင်ဒိုနီးရှားနှင့် ပြင်သစ်အကြား ပူးပေါင်းဆောင်ရွက်ရေး ကတိကဝတ်ကို ခေါင်းဆောင်များအကြား သဘောတူခဲ့ကြောင်း ၎င်းက ပြောကြားသည်။

နှစ်ပြည်ထောင်ဖြေရှင်းချက်ဖြင့်သာ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကိုရရှိမည်ဟု အင်ဒိုနီးရှားကယုံကြည်ကြောင်း ၎င်းကပြောကြားသည်။ အစ္စရေးက ပါလက်စတိုင်း၏ လွတ်လပ်ရေးကို အသိအမှတ်ပြုမှသာ အစ္စရေး၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အင်ဒိုနီးရှားကအသိအမှတ်ပြုမည်ဖြစ်ပြီး သံတမန်ဆက်ဆံရေးကို ထူထောင်မည်ဟု ၎င်းက ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အမေရိကန်နိုင်ငံ၌ ပညာသင်ကြားခွင့်လျှောက်ထားသူများကို ယာယီရပ်ဆိုင်းရန် အမိန့်ထုတ်ပြန်

ဝါရှင်တန် မေ ၂၈

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့က အမေရိကန်နိုင်ငံ၌ ပညာသင်ကြားခွင့်လျှောက်ထားသူများကို ယာယီရပ်ဆိုင်းထားရန် အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ကျောင်းသားဗီဇာ လျှောက်ထားသူများအတွက် အင်တာဗျူးအသစ်များကျင်းပရန် ဆောင်ရွက်ခြင်းကို ခေတ္တရပ်ထားရန် အစိုးရက အမေရိကန်သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများသို့ ညွှန်ကြားခဲ့ကြောင်း အမေရိကန်နိုင်ငံရေးသတင်းဝက်ဘ်ဆိုက်တစ်ခုက ယမန်နေ့တွင် သတင်းဖော်ပြသည်။

စည်းမျဉ်းအသစ်တစ်ရပ် ကြေညာသည့်တိုင်ဆက်လက်ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အဆိုပါဝက်ဘ်ဆိုက်က ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြားရန် လျှောက်ထားသော နိုင်ငံခြားကျောင်းသားများအားလုံးကို ၎င်းတို့၏လူမှုမီဒီယာလှုပ်ရှားမှုကို စစ်ဆေးရန် စဉ်းစားနေသည်ဟုလည်း ၎င်းကပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသို့ လာရောက်သည့်မည်သူကိုမဆို ၎င်းတို့၏ လူမှုမီဒီယာလှုပ်ရှားမှုများကို စစ်ဆေးအကဲဖြတ်ရန်လိုအပ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ တမ်မီဘရုစ်က သတင်းထောက်များအား ပြောကြားသည်။

အစိုးရအဖွဲ့၏ ယခုဆောင်ရွက်ချက်များသည် နိုင်ငံအတွင်း ပညာသင်ကြားရန် မျှော်လင့်နေသော နိုင်ငံတကာကျောင်းသားများကို ထိခိုက်စေနိုင်ဖွယ်ရှိသည်။

အကြမ်းဖက်မှုနှင့် ဘာသာရေးယုံကြည်ချက်ဆိုင်ရာ အဓိကရုဏ်းများဖြစ်ပေါ်နိုင်သည့် အကြောင်းပြချက်ဖြင့် မကြာသေးမီက ဟားဗတ်တက္ကသိုလ်အား နိုင်ငံတကာကျောင်းသားများကို လက်ခံသင်ကြားခြင်းမပြုရန် တရားဝင်ကြေညာခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**






# ရုရှား-ယူကရိန်းငြိမ်းချမ်းရေးစာချုပ်မူကြမ်းကို ယူကရိန်းသို့ မကြာမီပေးပို့မည်ဟု ရုရှားပြောကြား

မော်စကို မေ ၂၈

ရုရှားအနေဖြင့် ရုရှား-ယူကရိန်းငြိမ်းချမ်းရေးစာချုပ်မူကြမ်းကို ယူကရိန်းသို့ မကြာမီပေးပို့မည်ဖြစ်ကြောင်း ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာ ဇာကာရိုဗာက မေ ၂၇ ရက်တွင် ပြောကြားသည်။

ရုရှားအနေဖြင့် ယူကရိန်းနှင့် အနာဂတ်ကာလတွင် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရန်အတွက် ငြိမ်းချမ်းရေးစာချုပ်မူကြမ်းကို ကီယက်ဗ်သို့ပေးပို့မည်ဖြစ်ပြီး ၎င်းစာချုပ်မူကြမ်းတွင် ပဋိပက္ခဖြေရှင်းရေးစည်းမျဉ်းများ၊ ငြိမ်းချမ်းရေးသဘောတူညီချက်ရယူမည့် အချိန်ကာလနှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အကြောင်းအရာများကို ဖော်ပြထားကြောင်း မာရီယာက ပြောကြားသည်။ အဆိုပါငြိမ်းချမ်းရေးစာချုပ်မူကြမ်းကို ကီယက်ဗ်သို့ မကြာမီပေးပို့မည်ဖြစ်ပြီး ယူကရိန်းဘက်မှလည်း ၎င်းတို့ပြင်ဆင်ထားသည့် ငြိမ်းချမ်းရေးစာချုပ်မူကြမ်းကို မော်စကိုသို့ ပေးပို့မည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားသည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်းက ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတထရမ့်တို့၏ ဖုန်းဖြင့်ဆွေးနွေးမှုအတွင်း ရုရှားအနေဖြင့် ယူကရိန်းနှင့် ငြိမ်းချမ်းရေးရရှိရန်အဆိုပြုသည့် ငြိမ်းချမ်းရေးစာချုပ်မူကြမ်းကို ယူကရိန်းသို့ပေးပို့ရန် ခေါင်းဆောင်နှစ်ဦးအကြားသဘောတူခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံ တိုကျိုမြို့တော်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား၊ ၁၀ ဦး ဒဏ်ရာရပြီး အဆောက်အအုံ ၄၀ နီးပါး ပျက်စီး

တိုကျို မေ ၂၈

ဂျပန်နိုင်ငံ တိုကျိုမြို့တော်၌ပေါက်ကွဲမှုတစ်ခု ယမန်နေ့က ဖြစ်ပွားခဲ့ရာ ၁၀ ဦး ဒဏ်ရာရရှိပြီး အနီးဝန်းကျင်ရှိ အဆောက်အအုံ ၄၀ နီးပါး ပျက်စီးခဲ့ကြောင်း သိရသည်။

အီဒိုဂါဝါရပ်ကွက်ရှိ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် မေ ၂၇ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဆောက်လုပ်ရေးယာဉ်တစ်စီး မီးလောင်ခဲ့ပြီး နေအိမ်နှင့်စတိုးဆိုင် ၃၈ လုံး၏ နံရံနှင့် ပြတင်းပေါက်များ ပျက်စီးခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ဆောက်လုပ်ရေးလုပ်သားများနှင့် ဒေသခံများ အပါအဝင် လူ ၁၀ ဦးသည် လည်ချောင်းနာခြင်းနှင့် နားကိုက်ခြင်းဝေဒနာကို ခံစားခဲ့ပြီး ထိခိုက်ဒဏ်ရာ အနည်းငယ်သာရရှိခဲ့ကြောင်း တိုကျိုရဲတပ်ဖွဲ့က ပြောကြားသည်။

မီးလောင်လွယ်သော အက်စီတလင်းဓာတ်ငွေ့များပါဝင်သော ဆလင်ဒါတစ်လုံးပေါက်ကွဲပြီး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့နှင့် မီးသတ်သမားများက ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသည် ကားရပ်နားရာနေရာဖြစ်ပြီး အိမ်ဆောက်ရန် ဆောက်လုပ်ရေး အလုပ်သမားများက အမှိုက်များကို မြေကြီးထဲတွန်းထုတ်စဉ် အဆိုပါဆလင်ဒါဓာတ်ငွေ့အိုးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ဆလင်ဒါကို မြေ အနက် ၆၀ စင်တီမီတာခန့်တွင် မြှုပ်နှံထားကြောင်း သိရသည်။



အက်စီတလင်း ဓာတ်ငွေ့သည် အပူချိန် ၃၀၀၀ ဒီဂရီစင်တီဂရိတ်တွင် လောင်ကျွမ်းပြီး သတ္တုများကို ဂဟေဆက်ခြင်းနှင့် ဖြတ်တောက်ရန် အသုံးပြုကြောင်း ဖိအားမြင့်ဓာတ်ငွေ့အိုးလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိသူ တိုယာအာကီဟီရိုက ပြောကြားသည်။

ဓာတ်ငွေ့ဆလင်ဒါများကို ဖိအားမြင့်ဓာတ်ငွေ့ဘေးကင်းရေး ဥပဒေနှင့်အညီ စနစ်တကျစွန့်ပစ်ရမည်ဖြစ်ကြောင်းနှင့် အသုံးပြုပြီးလျှင် ပြန်လည်ပေးအပ်သင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယခု အခင်းဖြစ်ပွားရာနေရာတွင် အက်စီတလင်း ဓာတ်ငွေ့ဆလင်ဒါကို မည်သည့်ရည်ရွယ်ချက်ဖြင့် ချန်ထားခဲ့သည်ကို မသိသော်လည်း ကုမ္ပဏီတစ်ခုက ၎င်းကို မလိုအပ်တော့သည့်အတွက် စွန့်ပစ်ခဲ့ခြင်းဖြစ်ဖွယ်ရှိကြောင်း ၎င်းက ပြောသည်။

ပြန်လည်ထူထောင်ရေးနှင့် စွန့်ပစ်ခြင်းလုပ်ငန်းစဉ်အတွင်း ၎င်း၏အဖွဲ့သည် ပေါက်ကွဲမှုကို တစ်ခါမျှမကြုံဖူးကြောင်းနှင့် ဆလင်ဒါများသည် ဟောင်းနွမ်းသွားသောကြောင့် ပေါက်ကွဲနိုင်ခြေပိုများကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ



ကချင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

နေပြည်တော် မေ ၂၈

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၂၆ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လေယာဉ်ခရီးစဉ် အမှတ် MU2031 / SF-5044 ဖြင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် တရုတ်နိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၂၆ ရက်နှင့် မေ ၂၇ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သန်လျင်ခရိုင်၊ ဗိုလ်တထောင်ခရိုင်နှင့် သင်္ဃန်းကျွန်းခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်လေးစီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် (၂၇)လမ်း (အထက်ဘလောက်) (၃)လွှာ A၊ အမှတ်(၂၀၀)ရှိ Say Oo Yin Wholesale ဆေးဆိုင်၌ မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်မပါရှိသည့် တရားမဝင် ဆေးဝါး ၁၄၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၆၆၆၀၀)ကို အမျိုးသားဆေးဝါးဥပဒေအရလည်းကောင်း၊ လှည်းကူးမြို့နယ်၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ် (သုည ဒသမ ၉၁၇)တန် (ခန့်မှန်းတန်ဖိုးငွေ ၆၂၃၂၈၈ ကျပ်) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၈၉၈၈၉၈၈၈ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၂၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် I Zone Diesel Truck တစ်စီး၊ Faw Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၀၀၀၀၀)ကို လည်းကောင်း၊ ဗလမင်းထင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hoyun Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၂၀၀၀)ကို ယစ်မျိုးဥပဒေအရ လည်းကောင်း၊ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ခြောက်ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၉၁၂၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်သစ်မာ(၁၁ ဒသမ ၇၃၃)တန်၊ အခြားသစ် (၆ ဒသမ ၆၆၆)တန် (ခန့်မှန်းတန်ဖိုးငွေ ၉၁၄၉၇၇၉ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ညောင်ခါးရှည် X-Ray စက်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၉၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၂၉၉၃၉၇၇၉ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးမြို့နယ် မိုင်းပွန်တံတား ပူးပေါင်း စစ်ဆေးရေးဂိတ်နှင့် ဖာလိုင် ဘုန်းတော်ကြီးကျောင်း၊ အနောက်ဘက်ရှောင်ကွင်းလမ်း အနီးတို့၌ ယာဉ် ၁၂ စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၆ မျိုး၊ လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး၊ စားသောက်ကုန် ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၈၈၀၃၈၄၃၈ ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ် ၁၂ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၃၂၀၃၈၄၃၈ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်၊ မအူပင်မြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရတနာပုံတံတား (နွားပေါက်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၅ ပီပါ (ခန့်မှန်းတန်ဖိုးငွေ ၉၆၆၁၈၈၃ ကျပ်)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် (၆ ဒသမ ၉၀၆)တန်၊ အခြားသစ် (၁၀ ဒသမ ၈၉၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၆၄၃၂၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၈၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၅၀၀၀၀၀၀)နှင့် မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၆၂၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၇၃၆၄၀၄၀၃ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

မေ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆၂ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၀၄၄၀၇၀၅၀၈ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၅-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ဓမ္မသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၅ မိဘဆရာပူးပေါင်းကလေးပညာကောင်း
- ၀၉:၃၀ NRC အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့ တစ်နှစ်သုံးသီးစိုက်ကြစို့
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၁၆)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှုပ်ရှမ်းကောင်းများခေတ်' (အပိုင်း-၂၇)
- ၁၆:၃၅ လျှော်ဘောအလွန်မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်း နှင့်ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ အကြိုစကားဝိုင်း (အပိုင်း-၂)
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၉)
- ၁၉:၂၅ မြေငလျင်ဘေးအကျိုးပြန်လည်ထူထောင်ရေးနှင့် မြန်မာနိုင်ငံသားတို့၏စွမ်းရည်မွန်မြတ်သည့် ဝတ္တုတိုဗီဒီယို (Video Clip)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှုပ်ရှမ်းကောင်းများခေတ်' (အပိုင်း-၂၉)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
- 07:09 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-9)
- 07:24 The Usefulness of Thread
- 07:43 GOOD HEALTH IS A GREAT BOON
- 08:01 News
- 08:26 Asia Updates; Weather Forecaster
- 08:33 Thilawa SEZ Thriving Model Special Economic Zone
- 09:01 Myanmar Traditional Cart Business
- 09:22 The Lapidarist
- 09:33 Don Min Artist
- 10:01 News
- 10:27 Offering the Lotus Robe of its Kind

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (မွန်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၁၉)
- ၀၇:၅၅ စတီရီယိုတေးများ
- ၀၈:၂၀ ဆိုကရေးတီးဆုရ(အိုးစည်အတီးပြိုင်ပွဲ၊တစ်ဦးချင်းအကပြိုင်ပွဲ၊ကဗျာလွတ်ယိမ်း)
- ၀၉:၀၅ ကာတွန်း 'ပိုးကောင်းကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၁၁)
- ၀၉:၃၀ မြန်မာရုပ်ရှင် 'ဖြူမည်း' 'ငချောင်းကိုပစ်၍မြစ်ကိုရှာ' ဇော်လွင်၊ ဝါဝါဝင်းရွှေ(ဒါရိုက်တာ-ချစ်ခင်)

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဖြူရားဖြစ်တည်ရာ ဆန်းကြယ်မြင်ကွင်းဗုဒ္ဓဂါယာ

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
အသက်အရွယ်ရလာသူများ ရေပိုသောက်သင့်သောအကြောင်းအရင်းများ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
စားမြိန်ဖွယ်ရာဝုံးဟင်းလျာ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(လူ့ခန္ဓာကိုယ်အစိတ်အပိုင်း)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ရာဇဗြိုလ်ရေလျောင်တမံ

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ကချင်ပြည်နယ်နှင့်ကချင်လူမျိုးအကြောင်း

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မြေထည်အိုးပြုလုပ်ပုံအဆင့်ဆင့်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ထူးဆန်းဖွေရာရခိုင့်ဓလေ့ရှေးရိုးရာ (ရခိုင်ရိုးရာဘုန်းကြီးပျံပွဲ-ဒုံးပွဲ)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၃)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၄)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ကချင်ရိုးရာတဆေးနှင့်ဒေါင်ရည်ပြုလုပ်ပုံ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးမျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ (စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း)
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း-၂)
- ၁၁:၀၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၇၄)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၂၀ How Texas Farmers Use 127 Million Acres of Farmland - American Farming Documentary
- ၁၉:၀၀ The Flood
- ၂၀:၀၀ ဥ(ဇာတ်လမ်း)
- ၂၂:၀၀ The Father (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly Soccer Preview
- ၁၂:၀၀ FIFA MFF U-19 Youth League (Replay) FUTSAL CHIT THU Vs YRG
- ၁၇:၀၀ အားကစားသတင်း

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခုနစ်ဦးကို မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ ရွှေကုက္ကိုလ်-မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသား လေးဦး၊ ဘူရွန်ဒီ နိုင်ငံသား သုံးဦး၊ စုစုပေါင်း ခုနစ်ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



**ကြည့်ရှုစစ်ဆေး**

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံသံရုံးမှ Ambassador Mr. Lindsay Kiptiness 'ndc' (K) နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၉၉ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၀၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသည့် နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်လတ်မြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး



**ကျိုက်လတ် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် မြို့နယ်တရားမဝင်စက်သုံးဆီအရောင်းဆိုင်များ တားဆီးစစ်ဆေးရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများက မှောင်ခိုဈေးကွက်မဖြစ်ပေါ်စေရေး၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချစေရေး၊ ဈေးနှုန်းများ မြှင့်တင်ရောင်းချပါက အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်နိုင်ရေး၊ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး၊ ကွင်းဆင်းစစ်ဆေးပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အလေးထားရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စစ်ကိုင်းမြို့၌ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်းနှင့် သင်ထောက်ကူပစ္စည်းများ လက်တွေ့သရုပ်ပြသင်တန်း ဖွင့်လှစ်ပို့ချ

**စစ်ကိုင်း မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်လူမှုဝန်ထမ်းဦးစီးဌာနနှင့် Save The Children တို့ ပူးပေါင်း၍ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်းနှင့် သင်ထောက်ကူပစ္စည်းများဆိုင်ရာ လက်တွေ့သရုပ်ပြသင်တန်းကို စစ်ကိုင်းမြို့ ငလျင်ဘေးကယ်ဆယ်ရေးစခန်း(စကုမှော်)၌ ဖွင့်လှစ်ပို့ချသည်။

အဆိုပါသင်တန်းကို ကလေးများ၏ ကိုယ်စိတ်ကျန်းမာပျော်ရွှင်မှုအတွက် ကူညီရာတွင် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် လူမှု-စိတ်ခံစားမှုဆိုင်ရာ သင်ယူလေ့လာခြင်း နည်းဗျူဟာများကို အသုံးပြုလာနိုင်စေရန်၊ စိတ်လူမှုပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် လူမှု-စိတ်ခံစားမှုဆိုင်ရာ ကျန်းမာပျော်ရွှင်မှုများကို ကလေးငယ်များအား သိမြင်လာစေရန် ပံ့ပိုးကူညီပေးနိုင်ရေးအတွက် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်သည်။

စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးကူညီခြင်းနှင့် သင်ထောက်ကူပစ္စည်းများဆိုင်ရာ လက်တွေ့သရုပ်ပြသင်တန်းတွင် သင်တန်းသား ၂၁ ဦး တက်ရောက်ခဲ့ကြပြီး Save The Children မှ နည်းပြများက ဘာသာရပ်များကို မေ ၂၆ ရက်မှ ၂၇ ရက်အထိ စာတွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၅-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၀ | ၂၉၈၅ | ၂၉၅၀ | ၂၈၈၅ | ၂၉၉၀ | ၃၀၀၅ | ၃၀၂၀ | ၂၉၄၀ | ၄၅၀၅ | ၃၂၃၅ | ၂၉၅၅ | ၂၉၆၀ | ၃၀၃၀ | ၂၉၉၅ | ၃၀၁၅ | ၃၂၇၀ |
| 95 Ron | ၂၉၂၅ | ၃၀၄၀ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၈၀ | ၂၉၉၅ | ၄၅၆၀ | ၃၂၉၀ | ၃၀၁၅ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၃၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၅၅ | ၂၅၂၀ | ၂၄၅၅ | ၂၅၆၀ | ၂၅၇၅ | ၂၅၉၅ | ၂၅၁၀ | - | ၂၈၀၅ | ၂၅၃၀ | ၂၅၃၀ | ၂၆၀၀ | ၂၅၆၅ | ၂၅၈၅ | ၂၈၄၅ |
| HSD (50 ppm) | ၃၀၁၅ | ၃၁၃၀ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၈၀ | ၃၁၀၅ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၂၀ |
| HSD (10 ppm) | ၃၀၁၅ | ၃၁၃၀ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၈၀ | ၃၁၀၅ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၄ | ၂၇၉၁ |
| 95 Ron | ၂၇၅၉ | ၂၈၄၇ |
| HSD (500 ppm) | ၂၂၈၈ | ၂၁၆၄ |
| HSD (50 ppm) | ၂၈၄၅ | ၂၉၃၂ |
| HSD (10 ppm) | ၂၈၄၅ | ၂၉၃၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၃၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၃၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နေရောင်အောက်က
သက်ရှိတွေကို စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့







## မင်္ဂလာဒုံမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်

ရန်ကုန် မေ ၂၈

မင်္ဂလာဒုံမြို့နယ်တွင် ပြည်ထောင်စုဝန်ကြီး၏ တွေ့ဆုံပွဲလမ်းညွှန်ချက်အရ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ဆောင်ရွက်ခြင်းကို မေ ၂၈ ရက် နံနက် ၁၀ နာရီက အထက – ၅ နှင့် အလက – ၄ (မင်္ဂလာဒုံ)တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် မင်္ဂလာဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမာ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ် မိခင်နှင့်ကလေး/အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီမှ အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်/ကျေးတာဝန်ရှိသူများ ပူးပေါင်း၍ စုစုပေါင်းအင်အား ၇၂ ဦးဖြင့် ကျောင်းများအတွင်းရှိ မလှယ်နိုင်သောအုတ်ကန်/ရေစည်များအတွင်း အဘိတ်ဆေးခတ်ပြီး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေး ဗီနိုင်းများကပ်ခြင်း၊ လက်ကမ်းစာစောင်များပေးဝေခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန် /ဆက်)

## ကြံခင်းမြို့နယ်အတွင်း တရားမဝင်စက်သုံးဆီအရောင်းဆိုင်များဖွင့်လှစ်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ကြံခင်း မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းတရားမဝင်စက်သုံးဆီအရောင်းဆိုင်များဖွင့်လှစ်ရောင်းချမှု ရှိ/မရှိ တာဝန်ရှိသူများက



ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

**ကွင်းဆင်းစစ်ဆေး**

ထိုသို့ဆောင်ရွက်ရာတွင် ကြံခင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြည်စိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးငွေးမြင့်အောင်နှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က တရားမဝင်စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းမရှိစေရေး လိုင်စင်ရှိစက်သုံးဆီအရောင်းဆိုင်များအား သက်ဆိုင်ရာဌာနများ၏ညွှန်ကြားချက်များနှင့်အညီ ရောင်းချနေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဧရာဦးသာ

## မင်းဘူး(စကု)မြို့နယ်၌ လူထုဖြန့်ပျိုးပင်ပေါင်း ၄၄၀၀၀ ကျော် ပျိုးထောင်ထားရှိပြီး အခမဲ့လာရောက် ထုတ်ယူစိုက်ပျိုးနိုင်

မင်းဘူး မေ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် မြို့နယ်သစ်တောဦးစီးဌာနက ကျောက်တန်းအမြဲတမ်း ပျိုးဥယျာဉ်နှင့် မင်းဘူး-အမ်း ကားလမ်းမဘေးရှိ ကန်ရေပျိုးဥယျာဉ်တို့တွင် လူထုဖြန့်ပျိုးပင်ပေါင်း ၄၄၀၀၀ ကျော် ပျိုးထောင်ထားရှိပြီး ဒေသခံပြည်သူများအနေဖြင့် အခမဲ့လာရောက်ထုတ်ယူ စိုက်ပျိုးနိုင်ကြောင်း သိရသည်။



လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေပေးရာတွင် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ရုံးများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့်သာသနာ့နယ်မြေများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများအပါအဝင် သစ်ပင်စိုက်ပျိုးပွဲများအတွက် ယခုနှစ်မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရန် အခမဲ့ဖြန့်ဝေ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ရာတွင် အရိပ်ရပင်၊ ဆေးဖက်ဝင်ပင်၊ ပန်းပွင့်သည့် အပင်များနှင့် သစ်ရရှိနိုင်မည့် အပင်များကို ရွေးချယ်၍ ပျိုးပင်အမျိုးအစားပေါင်း ၁၂ မျိုးကို ပျိုးထောင်ထားရှိကြောင်း မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးမြင့်အောင်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅ ခုနှစ်အတွက် ပြည်သူလူထုထံ အခမဲ့ဖြန့်ဝေပေးမည့် လူထုဖြန့်ပျိုးပင်များမှာ ကျွန်း၊ ပိတောက်၊ ယင်းမာ၊ ကုက္ကိုလ်၊ စိန်ပန်းကြီး၊ တမာ၊ ထိုင်ဝမ်ဗန်ဒါ၊ မည်စည်၊ ဆီးမျှဉ်ဝါး၊ စိန်တံခွန်၊ ယူကလစ် စသည့် ပျိုးပင်ပေါင်း ၄၄၂၀၀ ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

## ထားဝယ်မြို့၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေး

ထားဝယ် မေ ၂၈

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲ ထားဝယ်မြို့မှ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ယနေ့နံနက်ပိုင်းတွင် စတင်ထုတ်ချေးပေးရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာ ဦးခင်မောင်စိုးနှင့်တာဝန်ရှိသူများက အဖွဲ့ဝင်တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်သည်။

ထို့သို့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု ရှစ်အုပ်စုမှ အဖွဲ့ဝင်တောင်သူ ၇၆ ဦးအား ငွေကျပ် သိန်း ၆၈၈ ဒသမ ၅၀ ထုတ်ချေးပေးရန် လျာထားပြီး ကျောက်မော်ရပ်ကွက်ကို စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဥတ္တရသီရိမြို့နယ်၌ ရေပြင်အသက်ကယ်နှင့် စက်လှေမောင်းသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ရေပြင်အသက်ကယ်နှင့် စက်လှေမောင်းသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဆည်ကန်(နောက်) ကျေးရွာရှိ ငလိုက်ဆည်၌ ကျင်းပသည်။

အခမ်းအနားတွင် ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက အမှာစကားပြောကြားပြီး သင်တန်းသားများက ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြသခြင်း၊ တာဝန်ရှိသူများအား စက်လှေများဖြင့် ရင်ပေါင်တန်းအလေးပြုခြင်း၊ စက်လှေမောင်းစွမ်းရည်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၇ ဦးတက်ရောက်ခဲ့ပြီး သင်တန်းနည်းပြ ၁၃ ဦးဖြင့် မေ ၂၆ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)



## ကျောက်ဆည်ခရိုင်၌ နေကြာ ၁၆၅၃ ဧက စိုက်ပျိုးထားရှိ

**ကျောက်ဆည် မေ ၂၈**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည် ခရိုင်အတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နေကြာ(မိုး)သီးနှံကို ကျောက်ဆည် မြို့နယ်တွင် ခြောက်ဧက၊ စဉ့်ကိုင် မြို့နယ်တွင် ၁၆၄၇ ဧက စုစုပေါင်း ၁၆၅၃ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နေကြာသီးနှံကို သီးထပ်သီးညှပ်စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြကြောင်း၊ နေကြာ(မိုး)သီးနှံကို မတ်လနှင့်ဧပြီလတို့တွင် စိုက်ပျိုးကြပြီး ဇွန်လနှင့်ဇူလိုင်လတို့တွင် ရိတ်သိမ်းကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၂၅-၂၇ တင်းခန့်ထွက်ရှိပြီး အကျိုးအမြတ်များ ရရှိခဲ့ကြောင်း၊ ယခုအချိန်တွင် မိုးရွာသွန်းမှုကောင်းသောကြောင့် နေကြာသီးနှံ စိုက်ခင်းများမှာ အောင်မြင် ဖြစ်ထွန်းလျက်ရှိရာ သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်ကြောင်း နေကြာစိုက်တောင်သူတစ်ဦးထံမှ သိရသည်။





## ကျောက်ဆည်ခရိုင်၌ နှမ်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျောက်ဆည် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နှမ်း(နွေ) သီးနှံကို ကျောက်ဆည်မြို့နယ်၌ ၄၄၂၀၆ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၂၃၄၄၄ ဧက၊ မြစ်သားမြို့နယ်၌ ၂၉၂၀၈ ဧက စုစုပေါင်း ၉၆၈၅၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏စာရင်းများအရ သိရသည်။

နှမ်း(နွေ)သီးနှံကို ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် စိုက်ပျိုးပြီး ဇွန်လနှင့် ဇူလိုင်လတို့တွင် ထွက်ပေါ်ကြောင်း၊ နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက်မျိုးများကို စိုက်ပျိုးကြကြောင်း၊ နှမ်း(နွေ) သီးနှံကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ သုံးပြည်ခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ရှစ်-ကိုးတင်းခန့်ထွက်ရှိကာ အကျိုးအမြတ်ရရှိခဲ့ကြောင်း၊ ယခုအချိန်တွင် မိုးရွာသွန်းမှုကောင်းသောကြောင့် နှမ်း (နွေ) သီးနှံစိုက်ခင်းများမှာ အသီးအပွင့် ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

## ကန်စွန်းစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

**ကျောက်ဆည် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစု အပိုဝင်ငွေရရှိရန်အတွက် ကန်စွန်းပင်များကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

ကန်စွန်းပင်ကို စိုက်ပျိုးပြီး သုံး-လေး ပတ်ခန့်အကြာတွင် ကန်စွန်းရွက်များ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ ကန်စွန်းစိုက်ပျိုးရာတွင် ဘောင်ခတ်စနစ်ဖြင့် အစေ့ချစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၈-၁၀ ထုပ်ခန့် စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၄၀၀၀၀၀-၄၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ကန်စွန်းရွက်အစည်းပေါင်း ၂၅၀၀၀ - ၃၀၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက ကန်စွန်းစိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်မြို့နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ကန်စွန်းရွက်စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိကာ မိသားစု အပိုဝင်ငွေရရှိကြောင်း ကန်စွန်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**



## အထက်မင်းလှမြို့နယ်၌ ဖူးစားပြောင်းသီးနှံခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**အထက်မင်းလှ မေ ၂၈**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဖူးစားပြောင်းသီးနှံကို ငါးဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဖူးစားပြောင်းသီးနှံကို မေလတွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် ခူးဆွတ်ရကြောင်း၊ ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် ဖူးစားပြောင်းစီး(အဖြူ) မျိုးများကို စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့ ရှစ်ထုပ်ခန့် စိုက်ပျိုးရကြောင်း၊ မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ခုနစ်သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပြောင်းဖူးအရေအတွက် ၁၇၀၀၀ ခန့်ထွက်ရှိခဲ့ပြီး အမြတ်များရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှ-သရက်ကားလမ်းဘေးရှိ ပြောင်းဖူးဒိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ပြောင်းဖူးသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

### ၂၈-၅-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြုံကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၇၅ | ၂၅၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၂၇၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၉၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၃၂၀ | ၁၆၅၀၀ | ၂၀၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၅၀၀ | | ၈၂၀၀ | ၂၀၀၀၀ | ၇၂၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၈၀၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၁၉၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၂၆၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၇၅၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၅၅၀၀ | | ၇၀၀၀ | ၇၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၃၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၈၀၀၅ | ၁၆၀၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၆၅၀၀ | | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၆၀၀ | ၂၁၀၀၀ | ၇၁၀၀ | ၈၅၀၀ | ၁၉၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၇၅၀ | ၁၁၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၃၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၉၄၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၂၀၀ | ၁၈၀၀၀ | ၇၄၅၀ | ၁၀၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၇၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၂၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၄၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၈၀၀၀ | ၇၆၀၀ | ၁၂၀၀၀ | ၁၃၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၃၂၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၆၅၀၀ | ၇၂၈၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၂၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၂၀၀ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၆၀၀ | | ၆၈၀၀ | ၉၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၂၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၁၀၀ | ၁၈၄၀၀ | ၇၀၉၅ | ၁၆၄၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၁၅၄၀၀ | ၁၀၈၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၆၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၄၅၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၁၀၀ | ၁၈၆၀၀ | ၇၀၉၅ | ၁၆၅၀၀ | ၂၀၀၀ | ၁၁၄၀၀ | ၁၅၆၀၀ | ၁၁၂၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၄၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၆၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၄၈၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၁၄၃၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၆၀၀၀ |

# မွန်ပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံနေမှုနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများ ကြည့်ရှုအားပေး

မော်လမြိုင် မေ ၂၈

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)နှင့် မုဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

**မှာကြား**

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများအား ပေးအပ်ပြီး ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်၊ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးနှင့် ခြင်များပေါက်ဖွားမှုမရှိစေရေးအတွက် အမှိုက်များ၊ မြက်များ၊ ချုံနွယ်များ စနစ်တကျရှင်းလင်းဆောင်ရွက်ရန် စသည်တို့ကို မှာကြားသည်။

**စာအုပ်များ ပေးအပ်လှူဒါန်း**

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ဘဲရမ်းကျေးရွာရှိ ပညာပျိုးခင်းစာကြည့်တိုက်၌ ကျောင်းသား ကျောင်းသူများ ဆေးရောင်ခြယ်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ကာ ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌက စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုဒုံမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ သုတရတနာစာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများ စာဖတ်ဝိုင်းဆွေးနွေးခြင်းနှင့် ပန်းချီပြိုင်ပွဲ ကျင်းပနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအား ဆုလက်ဆောင်များပေးအပ်၍ ကျောင်းစာကြည့်တိုက်အတွက် ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းက လှူဒါန်းသည့်စာအုပ်စာစောင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# နမ့်စန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ



နေပြည်တော် မေ ၂၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနား မုခ်ဦးနှင့် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများ၏ ကျောင်းအပ်နှံနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**အဖွင့်အမှာစကားပြောကြား**

ထို့နောက် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကျောင်းရှိ သရဖီဆောင်ခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးလွယ်အိတ်များကိုလည်းကောင်း၊ ကျောင်းရန်ပုံငွေအတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပထမအကြိမ် ပေးအပ်

နေပြည်တော် မေ ၂၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာ ကျောင်းများတွင် တက်ရောက် ပညာသင်ကြားကြမည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပထမအကြိမ် ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေတပ်နယ်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကျော်စွာဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

တပ်ကုန်း မေ ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဥတ္တရခရိုင် ပညာရေးမှူး ဒေါက်တာမာမာဇင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူတို့က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး ဒေါ်သီသီကြိုင်တို့က နိုင်ငံတော်က(အခမဲ့) ဖြန့်ဝေသော ပုံနှိပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံရယူသည်။

တပ်ကုန်းမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ၁၄ ကျောင်း၊ အထက်တန်းကျောင်း (ခွဲ) ၁၆ ကျောင်း၊ အလယ်တန်းကျောင်း ၁၆ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၁၈ ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၄ ကျောင်း၊ မူလတန်းကျောင်း ၅၅ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) လေးကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း ခြောက်ကျောင်း၊ ကိုယ်ပိုင်ကျောင်း ငါးကျောင်းတို့တွင်ယနေ့ထိ ကျောင်းသား ကျောင်းသူ ၃၇၂၄၇ ဦး လာရောက်ကျောင်းအပ်နှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**



# ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့



ချောက် မေ ၂၈

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းသားသမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ချောက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချောက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းသားသမီး ၃၀ တို့အား ကျောင်းသုံးစာရေးကိရိယာနှင့် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ၃၁-၅-၂၀၂၅ ရက်နေ့မှ ၂-၆-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




**✻ အားကောင်းသောမှ**

အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ၁၃ ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်း အလွန်ကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ၉ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်း ခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြို ခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီး တွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ် များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေ ဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၃)၊ မြေကွက်အမှတ် (၁၁၈၆)၊ အကျယ်အဝန်း(အလျား ၄၀ပေ x အနံ ၆၀ပေ)အနက်မှ တရားဝင်မခွဲ မစိတ်ရသေးသော မြေကွက်အမှတ်(၁၁၈၇)နှင့်ကပ်လျက် ခြမ်း (အလျား၂၀ပေ x အနံ ၆၀ပေ)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပါမစ်အမည်ပေါက် ဒေါ်အေးအေးမြင့်[၁၂/ဥကမ(နိုင်)၀၅၇၉၆၉]အမည်ပေါက် မှတ်သားထား ပြီး ၎င်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် (၂၁-၅-၂၀၂၅) ရက်နေ့က ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်သူ ဦးငြိမ်းချမ်းအောင်[၉/သေရ(နိုင်)၀၀၀၆၉၃]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းသောမြေကွက် ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူ သည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆိုမြေကွက်နှင့် သက်ဆိုင်သည့်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် -၁၂၄၆၈)**
**အမှတ်-၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်/မြောက်ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် (၁၈)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၃ ½)ထပ်တိုက်၏ ပထမထပ်၊ (ခေါင်းရင်းခန်း) (တိုက်ကိုမျက်နှာမူလျှင် လက်ယာ ဘက်အခန်း)၊ အကျယ်အဝန်း (၁၂x၅၀)ပေခန့်ရှိ တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ၊ အပါ အဝင် အကျိုးခံစားခွင့်များအားလုံးကိုဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်နိုင်စိုး [၁၂/ကတတ(ဧည့်)၀၀၀၁၇၃]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်း ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့် LL.B** | **ဒေါ်အိဖြိုးဇင် LL.B, DBL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၇၅)** |
| **ဖုန်း- ၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း- ၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၈**

သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာန သည် တရားမဝင်သစ်နှင့် သစ်တော ထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးကို ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ မေ ၁၉ ရက်မှ ၂၅ ရက် အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီး ဌာနများမှ ပေးပို့လာသော စာရင်း များအရ တရားမဝင် ကျွန်း ၁၀ ဒသမ ၃၇၀၆ တန်၊ သစ်မာ ၂၃ ဒသမ ၁၄၁၈ တန်၊ အခြား ၃၇ ဒသမ ၆၉၇၆ တန် စုစုပေါင်း ၇၁ ဒသမ ၂၁၀၀ တန်၊ ယာဉ်/ ယန္တရား ခြောက်စီး၊ တရားခံ ၁၀ ဦး ဖမ်းဆီး ရမိခဲ့ကြောင်း သိရသည်။



သတင်းစဉ်

✢ ကျောဖုံးမှ

ထို့ကြောင့် မောင်မောင်လွင်သည် မန်ချက်စတာ ယူနိုက်တက်အသင်းဘက်သို့ ဂိုးသွင်းယူနိုင်သည့် ပထမဆုံးမြန်မာကစားသမားအဖြစ်လည်း မှတ်တမ်း ဝင်ခဲ့သည်။ မောင်မောင်လွင်သည် ယင်းပွဲတွင် ပွဲထွက် ကစားခွင့်မရသော်လည်း ဒုတိယပိုင်းအစတွင် ကစားခွင့်ရခဲ့ပြီး သမိုင်းဝင်စေမည့် အနိုင်ဂိုးကို မိနစ် ၇၀ တွင် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်ပြည်တွင်းလိဂ်တွင် ဇယားအောက်ပိုင်း ရောက်ခဲ့သည့်အပြင် ယူရိုပါလိဂ် ဗိုလ်လုပွဲတွင် ရှုံးနိမ့် ပြီး ချန်ပီယံဆုနှင့် လွဲချော်ခဲ့သဖြင့် ဖိအားများနေသည့် မန်ချက်စတာယူနိုက်တက်အသင်းသည် အာရှခရီးစဉ် ပထမဆုံးပွဲတွင် ရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ပွဲထွက် လူစာရင်းတွင် မက်ဂွိုင်းယား၊ ကက်စမဲရိုး၊ ဟွိုင်လန်း၊ ကိုဘီမိုင်နူး၊ အိုနာနာ စသည့်ကစားသမားများကို အသုံးပြုခဲ့ပြီး ဒုတိယပိုင်းတွင် ဘရူနိုဖာနန်ဒက်စ်၊ ဂါနာချို၊ အာမက်အပါအဝင် တစ်သင်းလုံး အပြောင်းအလဲပြုလုပ်ခဲ့သည်။

**ကိုညီလေး**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်**

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွား မှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှို များစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်။

အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -



မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း



မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း



မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း



ထီးရွက်အောက်ပါးဟက်များဖြူခြင်း



မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း



အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ** - မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ် အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ် မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ် ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ

# မိုင်းယုမြို့၌ မိုးအစေ့ထုတ်ပြောင်းများ စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**မိုင်းယု မေ ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယု မြို့တွင် မိုးအစေ့ထုတ်ပြောင်းများ ကို မိုးဦးကျပြီးနောက် စတင် စိုက်ပျိုးလျက်ရှိရာ ယခုအခါ မိုးအစေ့ထုတ်ပြောင်းများ စိုက်ပျိုး မှုမှာ အောင်မြင်ဖြစ်ထွန်းလျက် ရှိသည်။

မိုင်းယုမြို့ရှိ ဒေသခံတောင်သူ များမှာ ပြောင်းကို တန်ခူးလဆန်း ပိုင်း(သင်္ကြန်မိုးဦး) ကျသည်နှင့် စတင်စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုး ကြသည့် မျိုးများမှာ Cp.888၊ ယိုးဒယား 288၊ F.888 နှင့် Cp.222 မျိုးများဖြစ်ကြောင်း၊ အစေ့ထုတ် ပြောင်းကို မိုးရာသီနှင့် ဆောင်း ရာသီဟူ၍ တစ်နှစ်လျှင် နှစ်ရာသီ သာ စိုက်ပျိုးလျက်ရှိပြီး မိုးရာသီ ကိုသာ အဓိကအများဆုံးအားထား စိုက်ပျိုးကြကြောင်း သိရသည်။



မိုင်းယုဒေသရှိတောင်သူများမှာ မိမိတို့ တောင်ယာခြံမြေများတွင် ရာသီအလိုက် စီးပွားဖြစ်ပြောင်း၊ ဖရုံ၊ ငရုတ်နှင့် ပဲတောင့်ရှည်များ ကို အဓိကအားထား စိုက်ပျိုးလျက် ရှိပြီး တစ်ပိုင်တစ်နိုင် အသီးအနှံ များ ဖြစ်သည့် ကြက်သွန်၊ ပဲပုပ်၊ မြေပဲ၊ မုန်ညင်း၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ရွှေပဲရွက်၊ သခွားနှင့် ခရမ်းချဉ်တို့ကို အနည်းငယ်စီ စိုက်ပျိုးကာ ဒေသတွင်း ရောင်းချ လျက်ရှိကြောင်း သိရသည်။

ကိုကိုနိုင်

## "ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း"

အမှတ်(၂၅၂)၊ အင်းဝလမ်း၊ အမှတ် (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ **"မြတ်ဝတ်ရုံ သင်္ကန်းတိုက်"** သင်္ကန်းပရိက္ခရာများကို ဘူးအမျိုးမျိုးနှင့် ဆိုဒ်အမျိုးမျိုးတွင် အမှတ်တံဆိပ်အဖြစ်အသုံးပြုပြီး ဒေါ်နိုင်နိုင်ဝင်း [၈/ပခက(နိုင်)၁၇၄၃၉၄]က အောက်ပါကုန်အမှတ်တံဆိပ်ကို မူပိုင်သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်- ၄/၃၅၈၁ ဖြင့် (၂၉-၄-၂၀၂၅)နေ့၌ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်-

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား**

အထက်ပါ ကုန်အမှတ်တံဆိပ်ကို မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိသော **"မြတ်ဝတ်ရုံသင်္ကန်းတိုက်"** သင်္ကန်းပရိက္ခရာများကို ဘူးအမျိုးမျိုးနှင့် ဆိုဒ်အမျိုးမျိုး စက္ကူအိတ်အမျိုးမျိုး၊ ပလတ်စတစ်အိတ်အမျိုးမျိုး၊ စက္ကူဘူးအမျိုးမျိုး၊ စက္ကူရွက်၊ စက္ကူပတ်အမျိုးမျိုး၊ အသားတံဆိပ်အမျိုးမျိုးတို့၌ သုံးစွဲ၍ မြန်မာနိုင်ငံတစ်ဝန်းလုံး တင်ပို့ရောင်းချလုပ်ကိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ယင်းကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲနှင့် ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်သုံးစွဲခြင်းမပြုကြပါရန်နှင့် ထိုသို့ပြုလုပ်သုံးစွဲသူများကို ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဦးဇေယျာအောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၀၂၅)**
**အမှတ်(၆၃)၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၆၃၇၇၄၃၈၀**

## "ကုမ္ပဏီအမှတ်တံဆိပ်သတိပေးကြေညာခြင်း"

အမှတ်(၁၈၈/၁)၊ ယင်းမာလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ **"Petro7"** စက်သုံးဆီများကိုကုမ္ပဏီ၏ ကိုယ်ပိုင်အမှတ်တံဆိပ်အဖြစ်အသုံးပြုပြီး PETRO SEVEN COMPANY LIMITED မှ ဒေါ်နိုင်နိုင်ဝင်း [၈/ပခက(နိုင်)၁၇၄၃၉၄] က အောက်ပါကုမ္ပဏီအမှတ်တံဆိပ်ကို မူပိုင်သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်- ၄/၃၅၈၂ ဖြင့် (၂၉-၄-၂၀၂၅)နေ့၌ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်-

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား**

အထက်ပါကုမ္ပဏီအမှတ်တံဆိပ်ကို မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိသော **"Petro7"** စက်သုံးဆီများကို ကုမ္ပဏီ၏ကိုယ်ပိုင် အမှတ်တံဆိပ်အဖြစ် အသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ငန်းလုပ်ကိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ယင်းကုမ္ပဏီအမှတ်တံဆိပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲနှင့် ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်သုံးစွဲခြင်းမပြုကြပါရန်နှင့် ထိုသို့ပြုလုပ် သုံးစွဲသူများကို ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဦးဇေယျာအောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၀၂၅)**
**အမှတ်(၆၃)၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၆၃၇၇၄၃၈၀**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၅-၅-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၃၁)တွင် တရားလွှတ်တော်ရှေ့နေ ဦးဇော်မျိုးအောင်နှင့် ဒေါ်ခင်အေးသန်းတို့၏ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ၏ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၅)၊ မြေကွက်အမှတ်(၃၆၂)တွင် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစဝင်းခိုင်ထွန်းအစား ဒေါ်ဆုမွန်ကို[၅/ကလဝ(နိုင်)၀၃၇၆၁၃]ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ကြီးပွားရေးအိမ်ရာ၊ တိုက်အမှတ်(၁၄)၊ အခန်း(၁၃) မူလအမည်ပေါက် ဒေါ်ခင်သန်းမြင့် [၁၂/သကတ(နိုင်)၀၄၇၆၁၉]ထံမှ ဒေါ်ခက်ခက် [၁၂/တတန(နိုင်)၁၉၉၃၅၄] က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရတနာနှင်းဆီအိမ်ရာ၊ တိုက်အမှတ်(1B)၊ အခန်း(0206) မူလအမည်ပေါက် ဒေါ်နုနုသိန်း [၁၂/လမန(နိုင်)၁၁၀၇၅၀]ထံမှ ဦးဇော်မင်းဦး [၁၁/စကန(နိုင်)၀၅၅၇၄၂]က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက်အမှတ်(Wing 1)၊ အခန်း(၁၀၁) မူလအမည်ပေါက် ဗိုလ်မှူးကြီးသိန်းမောင် [၁/မညန(နိုင်)၀၇၁၅၅၁]ထံမှ ဒေါ်ဇင်ဝင့်ထွန်း [၁၂/ရကန(နိုင်)၀၆၁၅၇၀]က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းနိုင်[၁၂/မဂဒ(နိုင်)၁၃၀၄၉၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းနိုင်သည် မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ (တောင်ဒဂုံစက်မှုဇုန်ဘဏ်ခွဲ)၊ ဘဏ်ခွဲမန်နေဂျာအား ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂-၁၀-၂၀၂၃)ရက်စွဲပါ စာချုပ်အမှတ်(၂၂၁၁)ဖြင့် လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါရှိသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းအိဇာ LL. B., D. B. L.**
**တရားလွှတ်တော်ရှေ့နေ (စဉ် ၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ မြိတ်လမ်းမကြီး၊ (၆၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၈၉၃၅၁၄၅၆၄**

## (၂၆-၄-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၆)ရှိ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲကြောင်း ဒေါ်သန္တာနွယ် [၁၂/လကန(နိုင်)၂၀၀၅၃၁]၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ဖြူဖြူခိုင် (စဉ်-၁၃၆၂၆)၏ အများသိစေရန်ကြေညာချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေဘယ်ခိုင်မြဲ [၇/အဖန(နိုင်)၀၈၉၀၄၇] သည် ဒေါ်သန္တာနွယ်နှင့် ကွာရှင်းပြတ်စဲသည်ဟူ၍ (၂၆-၄-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၆)ရှိ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြောင်း ဒေါ်သန္တာနွယ် [၁၂/လကန(နိုင်)၂၀၀၅၃၁]၏ အများသိစေရန် ကြေညာချက်သည် မှန်ကန်မှုမရှိပါ။ ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်သန္တာနွယ်တို့သည် မည်သည့်အချိန်ကမျှ တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲစေရန်ဆန္ဒဖြင့် မည်သည့်အသိသက်သေများရှေ့တွင်မျှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ခြင်းမရှိပါသဖြင့် ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်သန္တာနွယ်တို့သည် အိမ်ထောင်တည်မြဲလျက်ရှိသော တရားဝင်အကြင်လင်မယားများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး အကြင်လင်မယားဆက်ဆံရေးဖြင့် ပတ်သက်သက်ဆိုင်မှုရှိသူများဖြစ်၍ တစ်ဦးအပေါ်တစ်ဦး အိမ်ထောင်ရေးပြစ်မှု ကျူးလွန်ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ ငွေကြေးဖြင့်ဝယ်ယူ၍ ဒေါ်သန္တာနွယ် လက်ဝယ်တွင်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ငါးဆူးတောင်ကျေးရွာရှိ (၅၀x၇၀)ပေ တရုတ်ကြီးခြံမြေကွက်နှင့် (၈၀x၁၀၀)ပေ ဆယ်ပြားခြံမြေကွက်တို့အား ကျွန်ုပ်မိတ်ဆွေ သဘောတူသိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ မပြုလုပ်ရန် တားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၃၃)**
**Ph : 09-421080325**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊မဟာအောင်မြေမြို့နယ်၊ (၅၂၈) ရပ်ကွက်၊ ၃၈ လမ်း နှင့် ၃၉ လမ်းကြား၊ ၈၁ လမ်း နှင့် ၈၂ လမ်းကြား တွင် နေထိုင်သော ဒေါ်မာမာဦး (မှတ်ပုံတင်အမှတ်၉/မရတ(နိုင်)၀၃၉၁၉၄)သည် အောက်ဖော်ပြပါ အမှတ်တံဆိပ် အမည် အမှတ်အသား ကို မူပိုင်ခွင့်ဦးစီးဌာန၌ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေ (၂၀၁၉)နှင့်အညီ မှတ်ပုံတင်သွင်းပြီး၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို ရရှိပြီး ဖြစ်ပါသည် -

TM/2025/000931

အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို ဒေါ်မာမာဦး မှ Nice Class 25, 35 တွင် ဖိနပ်၊ ဘွတ်ဖိနပ်၊ ဖိနပ်အပါး၊ ခြေညှပ်ဖိနပ်၊ ရှူးဖိနပ်၊ ဒေါက်ဖိနပ်များနှင့်ဖိနပ် အမျိုးမျိုးကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အဆိုပါအမှတ်တံဆိပ်အား ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ မရိုးမဖြောင့်သော သဘောအားဖြင့် ထင်ယောင်ထင်မှား ဖြစ်စေရန် ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ တုပ ကူးယူခြင်းများနှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများ တွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်။

**ဒေါ်မာမာဦး ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်မင်း** | **ဒေါ်လှစန္ဒာသိမ့်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၂၄၅)** | **(စဉ်-၄၅၁၉၂)** |

အမှတ် ၂၄၄/၂၄၆၊ပထမထပ်၊ပင်လုံထိပ်ထားကွန်ဒို၊ ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖုန်း- ၀၉၄၀၃၀၃၀၁၂၀

## Jupiter Myat Min Real Estate Co., Ltd.

**မှ လေးစားစွာဖြင့်**
**မိတ်ဟောင်းမိတ်သစ်များကို ကျေးဇူးတင်ပါသည်။**

ရန်ကုန်မြို့၊ အိမ်၊ ခြံ၊ မြေနေရာကောင်းများ၊ ဝင်ဒါမီယာ၊ အင်းယားလမ်း၊ ရွှေတောင်ကြားလမ်း၊ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ဦးဝိစာရလမ်း၊ ဆရာစံလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း ရန်ကင်းမြို့နယ်ရှိ အိမ်၊ ခြံ၊ မြေ များကို Jupiter Myat Min Real Estate နှင့်အတူ ရောင်း/ဝယ် နိုင်ပါသည်။

Mobile : 09-5038471, 09-43833888 E-Mail : hello@jupitermyatmin.estate
Office Address - No.97/D West Shwe Gon Daing Road,
Bahan Tsp, Yangon, Myanmar.
Facebook Page : Jupiter Myat Min Real Estate

## "ပတ်စ်ပို့ပျောက်"

(ဘ) ဦးမြင့်အောင်၏သမီး မမြင့်မြင့်လှိုင် [၈/အလန (နိုင်) ၁၃၈၆၁၉]၏ နိုင်ငံကူးလက်မှတ် A 476684 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း -၀၉-၇၉၉၄၉၄၂၄၁**

## အမည်မှန်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ အမှတ်(၂) ရပ်ကွက်နေ ဦးစိုးသူ [၃/ကကရ (နိုင်) ၁၆၁၂၃၆]၏သား မောင်ဟိန်းသူထက်၏ အမည်မှန်မှာ မောင်ဟိဏ်းသူထက် ဖြစ်ပါသည်။ **မောင်ဟိဏ်းသူထက်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၉/အေ၊ မြေကွက်အမှတ်- ၂၅၃၊ မြေကွက်တည်နေရာအမှတ်- ၂၅၃၊ သစ္စာ (၇) လမ်း၊ (၃၉/အေ)ရပ်ကွက်၊ ဒဂုံမြောက် (ဦးခင်ထွန်း H/RGN-022098) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် ဂရန်မြေအား ဂရန်အမည်ပေါက် ဦးခင်ထွန်းအား တရားပြိုင်ထားကာ ဦးကျော်စွာ၊ ဒေါ်နီလာဝင်းတို့မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် တရားမရုံး၌ တရားမကြီးမှုအမှတ်- ၈၃/၂၀၂၄ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် ၂၃/၈/၂၀၂၄ ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ်- ၉၆/၂၀၂၄ တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန (နိုင်) ၀၀၃၄၁၉]မှ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့ ပူးတွဲ၍ မြေစာရင်းမှတ်ချက်ရှိ ပါမစ်မူရင်းကို ဘဏ်နှင့်လဲလှယ်ဆဲ မှတ်ချက်နှင့်ပတ်သက်၍ တရားနိုင်တို့မှ ၎င်းတို့ဝယ်ယူ ပိုင်ဆိုင်ထားပြီးဖြစ်ပါသဖြင့် ဘဏ်နှင့်ချိတ်ဆက်ထားခြင်းလည်း မရှိပါကြောင်း၊ ဖြစ်ပေါ်လာသည့် ကိစ္စအဝဝအား တာဝန်ယူကြောင်း ကျမ်းကျိန်လွှာပူးတွဲ၍ ဝန်ခံကတိပြု တင်ပြလာခြင်းကြောင့် ယခု ဘီလစ်မှ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ လမ်းသွယ် (၁)လမ်း၊ ၄ ရပ်ကွက်၊ အမှတ်(၅/၇) မြေညီထပ်တွင်တည်ရှိသော **PATINA MYANMAR CO.,LTD** (ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၃၁၉၃၅၆၆၈) သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အားစာချုပ်အမှတ် (၄/၁၁၅၆/၂၀၂၄)ဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်-

အထက်ဖော်ပြပါ **"NOVO"** ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name card၊ Letterhead၊ E-mail၊ Internet၊ Website၊ Logo၊ Invitation Letten Social Media၊ Facebookအစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် **"Foundation, Power, Eyeshadow, Eyeliner, Eyebrow, Primer, Cushion, Remover, Bronzer, Concealer, Lipstick, Hand Cream, Eyelid, Eyelash, Mascara, Perfume, Skin Care, Hair Care, Hair Remover နှင့် ကျားဝတ်၊ မဝတ်၊ ကလေးဝတ် အထည်များ၊ အိမ်တွင်းအလှဆင်ပစ္စည်း"**ကို ရန်ကုန်မြို့နှင့်တကွ မြန်မာတစ်နိုင်ငံလုံးရှိမြို့များတွင် ချုပ်လုပ်၊ ထုတ်လုပ်၊ ဖြန့်ဖြူး၍ ရောင်းချခြင်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ ယင်းပစ္စည်းများကို ကိုယ်စားလှယ်ယူ၍ ရောင်းချမည့် အရောင်းကိုယ်စားလှယ်များသို့လည်း ကုမ္ပဏီမှသတ်မှတ်ပေးထားသော ဈေးနှုန်းများနှင့်အညီ ဖြန့်ဖြူးရောင်းချကြရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီ၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို မည်သူမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆင်တူယိုးမှား အတုအပပြုလုပ်၍ဖြစ်စေ သုံးစွဲခြင်းမပြုလုပ်ရန်နှင့် **PATINA MYANMAR CO.,LTD** ၏ သဘောတူခွင့်ပြုခြင်းမရှိဘဲ သတ်မှတ်ပေးထားသော ဈေးနှုန်းထက်ပိုမိုရောင်းချခြင်း၊ ဈေးနှုန်းလျှော့နည်းရောင်းချခြင်း၊ တုပရောင်းချခြင်း၊ တရားမဝင်သောနည်းလမ်းများဖြင့် တင်သွင်းဖြန့်ဖြူးခြင်းများအား မပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။

အကယ်၍ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့မြင်သိရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်မှုကြောင့် လုပ်ငန်းအကျိုးစီးပွားကို ထိခိုက်နစ်နာမှုအတွက် ထိုက်သင့်သော လျော်ကြေးငွေများကို တောင်းခံသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးထူးငွေ BA (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၄၁၂၀/၁၉၈၇ )**
**09-5069190, 09-425329888, 09-699580835**
**Building BB-1, Room 401, Bo Mhuu Ba Htoo Housing -2**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ မင်းလမ်း၊ တိုက်အမှတ်(၂၃)၊ (၆)ထပ်တိုက်၏ (၄)လွှာ(ဘီ)၊ အကျယ်အဝန်း (၁၂ ပေခွဲx ၅၅ပေ)ဟု ခေါ်တွင်တည်ရှိသော တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ်မီတာ၊ အဲယားကွန်း (၂)လုံးအပါအဝင် ပစ္စည်းများနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးသိန်းတန် [၆/မအရ(နိုင်)၀၁၀၀၀၆]နှင့် ဒေါ်သန္တာဝင်း [၆/မမန(ပြု)၀၀၀၄၀၇] တို့က ၎င်းတို့သာလျှင် တရားဝင်ပိုင်ဆိုင် လက်ဝယ်ရှိသည့်အပြင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်ပိုင်ဆိုင်မှုဆိုင်ရာ အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိပါကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ဇာလင်း [၁၀/မလမ(နိုင်)၁၆၃၀၅၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်း/အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာစာချုပ်စာတမ်း(မူရင်း)အထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်း/အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ် - ၅၀၀၉၈)**
**အမှတ် (၂၄)၊ (၆)လွှာ၊ စမ်းချောင်းလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၆၀၆၁၀၀၃၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လမ်း-၃၀(အထက်)၊ အမှတ်-၂၁၉/၂၂၁၊ မြေညီထပ်(ဘီ)၊ အတိုင်းအတာ(၁၂ ½ x၅၀)ပေ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေစက်သုံးစွဲခွင့်အပါအဝင် လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့်များကို (၇-၁-၂၀၂၅) ရက်စွဲပါ အပျောက်စနစ်တိုက်ခန်းအရောင်းအဝယ်စာချုပ်အရ ဝယ်ယူလက်ရှိဖြစ်သူ ဦးတင်ဝင်း[၁၂/ပဘတ(နိုင်)၀၂၇၀၁၈]ထံမှ လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်တို့မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်စေ့ရောက်ကုန်ဆုံးပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးစိုးဝင်း(မအူပင်)B.A, H.G.P, R.L ဦးမျိုးသိန်းဌေးLL.B,D.B.L,D.I.L,D.M.L, D.I.P.L**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၇၈) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၃၃)**

**အမှတ်-၁၆၂၊ ပထမထပ်(ယာ)၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၉၅၁၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(မ/၆၇)ဟု ခေါ်တွင်သော အကွက်အမှတ်(၇/A)၊ ဦးပိုင်အမှတ်(၄၀)ဟု မှတ်သားတည်ရှိသော မြေကိုပိုင်ဆိုင်သည့် (ဖခင်) ဦးစောဂျူး[၁၂/အစန(နိုင်)၀၁၂၆၅၇]ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်လာကြသော သားသမီး (၆) ဦး၏ ကိုယ်စားလှယ် စောဒီဂျူး[၁၂/အစန(နိုင်)၀၂၅၉၅၃]က အဆိုပါမြေကွက်အား အပြီးအပိုင်ရောင်းချရန် ကျွန်ုပ်မိတ်ဆွေကို ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် လက်ခံပြီးရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ထားရာ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း အထောက်အထားစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| --- | --- |
| **ဦးဇော်မြင့်** | **ဦးလှဝင်း (ဥပဒေတွဲ့)** |
| **[၁၂/အစန(နိုင်)၀၂၅၀၈၆]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၈၄/၂၀၀၂)** |
| | **ဖုန်း-၀၉-၅၁၆၈၄၂၀၊ ၀၉-၅၁၁၉၉၆၁** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၈၅၄)မြေပေါ်ရှိ (၃)လွှာ(ဒုတိယထပ်)၊ အကျယ်အဝန်း(၂၃x၅၄)ပေ တိုက်ခန်းနှင့်ရေမီးစုံ အကျိုးခံစားခွင့်များကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မြင့် [၁၂/မရက(နိုင်)၁၁၂၈၃၅]ထံမှ ဒေါ်ခင်အေး[၆/လလန(နိုင်)၀၀၈၆၂၉]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါနေ့မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်အေး၏ လွှဲအပ်ချက်အရ-**

| | |
| --- | --- |
| **ဦးမြသိန်း(ပုဇွန်တောင်)(ဥပဒေတွဲ့)** | **ဒေါ်စန္ဒာဝင်း(ရွှေပြည်သာ)(ဥပဒေတွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၁၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၅၃)** |

**ရုံးအမှတ်-၁၅၅(ပထပ်)၊ (၄၆)လမ်း(အထက်)၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၅၅၁၆၈၄၁၅၊ ၀၉-၄၂၅၀၁၈၀၀၀၊ ၀၉-၇၃၁၀၇၀၂၈၊ ၀၉-၆၆၄၂၈၂၇၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံသီရိစိမ်းလဲ့ကန်သာအိမ်ရာစီမံကိန်း၊ (၁၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၁၄၂)၊

- မြေကွက်အမှတ်(၄၈)၊ ဧရိယာ(၁၀၀'x၁၀၀')၊ (၁၀၀၀၀)စတုရန်းပေ၊
- မြေကွက်အမှတ်(၄၉)၊ ဧရိယာ(၁၀၀'x၁၀၀')၊ (၁၀၀၀၀)စတုရန်းပေ၊
- မြေကွက်အမှတ်(၅၀)၊ ဧရိယာ(၁၀၀'x၁၀၁')၊ (၁၀၀၅၀)စတုရန်းပေ၊
- မြေကွက်အမှတ်(၅၁)၊ ဧရိယာ(၁၀၀'x၁၀၁')၊ (၁၀၀၅၀)စတုရန်းပေ၊
- မြေကွက်အမှတ်(၅၂)၊ ဧရိယာ(၁၀၀'x၁၀၄'x၉၉'x၁၀၂')၊ (၁၀၂၄၈) စတုရန်းပေ၊
- မြေကွက်အမှတ်(၅၃)၊ ဧရိယာ(၉၉'x၁၀၄'x၁၀၀'x၁၀၂')၊ (၁၀၂၄၈) စတုရန်းပေ၊
- မြေကွက်အမှတ်(၅၄)၊ ဧရိယာ(၁၀၀'x၁၀၄')၊ (၁၀၄၀၀)စတုရန်းပေ၊
- မြေကွက်အမှတ်(၅၅)၊ ဧရိယာ(၁၀၀'x၁၀၄'x၉၉'x၁၀၄')၊ (၁၀၃၄၈) စတုရန်းပေ၊
- မြေကွက်အမှတ်(၅၆)၊ ဧရိယာ(၁၀၀'x၁၀၄')၊ (၁၀၄၀၀)စတုရန်းပေ၊
- မြေကွက်အမှတ်(၅၇)၊ ဧရိယာ(၁၀၁'x၁၀၄')၊ (၁၀၄၅၂)စတုရန်းပေ၊
- မြေကွက်အမှတ်(၅၈)၊ ဧရိယာ(၈၇'x၁၀၅'x၈၀'x၁၀၄')၊ (၈၇၂၅) စတုရန်းပေ၊
- မြေကွက်အမှတ်(၅၉)၊ ဧရိယာ(၈၀'x၁၀၅'x၇၆'x၁၀၄')၊ (၈၁၅၁) စတုရန်းပေ၊

အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေကွက်များသည် ရောင်းသူ ဒေါ်စပါယ် [၁၂/ဗဟန(နိုင်)၀၈၂၈၄၄]အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အဆိုပါမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်၊ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးလှဝေ (စဉ်-၇၁၂၄)** **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၁၀)၊ ဒေစီလမ်းသွယ်(၁)လမ်း၏ တောင်ဘက်လမ်းသို့မျက်နှာမူထားသော ခြံမြေအကျယ်အဝန်း (၃၆.၆)ပေနှင့် အနံ(၂၂.၃)ပေနှင့် ပျဉ်ခင်း၊ သွပ်မိုး (၂) ထပ်အိမ်နှင့် လုံးချင်းအိမ်တစ်လုံးအား မိခင်ဖြစ်သူ ဒေါ်တင်ရီ (HZA - ၁၉၇၀၅၅)မှ ဝယ်ယူပေးပြီး ယခုအခါ ကျွန်ုပ်အမှုသည်ဖြစ်သော ဦးမြင့်ဦး [၁၂/မဂဒ(နိုင်)၀၇၄၁၄၀]ထံသို့ အပြီးအပိုင် ပြန်လည်အပ်နှံပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ** |
| --- | --- |
| **ဦးမြင့်ဦး** | **ဒေါ်ဝင်းမာလာ (LL.B)** |
| **[၁၂/မဂဒ(နိုင်)၀၇၄၁၄၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၇၀/၂၂)** |
| | **ဖုန်း-၀၉-၄၂၅၂၉၀၇၃၄** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၅၂/B)၊ မိုးကောင်းလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၂/ကံဘဲ့)၊ မြေကွက်အမှတ်(၈၂/က)၊ ဧရိယာ(၀.၀၄၆)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရောင်းသူ ဦးသန့်လွင် [၁၂/ကတတ(နိုင်)၀၀၇၆၅၄]အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးလှဝေ (စဉ်-၇၁၂၄)** **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## အများသိစေရန်ကြေညာခြင်း

လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပဏ္ဍိတာရာမကျောင်းလမ်း၊ တိုက်(၇/ဘီ)အခန်း(၄/ဘီ)နေ ဒေါ်ခင်ခင်ဦး[၁၂/မရက(နိုင်)၁၁၅၆၅၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ဦးကျော်ကျော်လွင်နှင့် ဒေါ်ခင်ခင်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိတော့သဖြင့် (၂၅-၇-၂၀၂၄)ရက်နေ့တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြတ်စဲပြီး သမီးဖြစ်သူ မဖူးပွင့်ပေရယ်ကျော်အား တိုက်(၂၆)၊ အခန်း(၃၀၆) အောင်မြင့်မိုရ်အိမ်ရာလမ်း၊ အောင်မြင့်မိုရ်အိမ်ရာ၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ တိုက်ခန်းနှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများ အားလုံး အပိုင်ပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည်တို့ မပြုလုပ်ရန်နှင့် တစ်စုံတစ်ရာ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| --- | --- |
| **ဒေါ်ခင်ခင်ဦး** | **ဒေါ်ဖြိုးစန္ဒာလှိုင်(LL.B,D.B.L)** |
| **[၁၂/မရက(နိုင်)၁၁၅၆၅၆]** | **တရားလွှတ်တော်ရှေ့နေ** |
| **တိုက်(၇/ဘီ)အခန်း (၄/ဘီ)၊** | **(စဉ်-၁၈၅၀၂/၃၁-၁၀-၂၀၂၃)** |
| **ပဏ္ဍိတာရာမကျောင်းလမ်း၊** | **တိုက်(၅)၊ အခန်း(၅၁)၊** |
| **(၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်။** | **လှိုင်ရတနာအိမ်ရာ၊ (၉)ရပ်ကွက်၊** |
| | **လှိုင်မြို့နယ်။ ဖုန်း-၀၉-၂၆၁၈၄၄၇၂၉** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ အမှတ်(၅)၊ မြို့ပြကွက်သစ်၊ ရတနာလမ်း၊ ဘုရားကုန်းအဆင့်(၂)၊ မြေကွက်အမှတ်(၃၅၈)၊ ဒေါ်ဝင်းမြင့် အမည်ပေါက် မြေဧရိယာ(၀.၀၅၅)ဧက၊ အလျား(၄၀ပေxအနံ၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှကြိုင်[၁၂/သခန(နိုင်)၀၂၅၆၆၀]သည် ဝယ်ယူ ပိုင်ဆိုင်လက်ရှိထား နေထိုင်ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှကြိုင် တစ်ဦးတည်း ဝယ်ယူပိုင်ဆိုင်ထားသည့်အတွက် ၎င်း၏တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ အာမခံထားခြင်း၊ အမည်ပြောင်းလဲခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းမှုများ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်ကိုကိုဝင်း LL.B, D.B.L,**

**အထက်တန်းရှေ့နေ (စဉ်-၅၂၄၂၃)**

**အမှတ်(၀/၇၆)၊ တပင်ရွှေထီးလမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၈၉၅၄၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ကမာကသွယ်၊ မြေကွက်အမှတ်-၈၃၉/က၊ မြေအကျယ်အဝန်း(၂၀x၆၀)ပေ၊ (၁၂၀၀) စတုရန်းပေ၊ (၀.၀၂၇၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်ဟု ခေါ်တွင်ပြီး၊ ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ဗိုလ်ဥတ္တမ(၄)လမ်း၊ အမှတ်(၈၃၉/က) ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နာဂစ်စတီးလ်[၁၂/ဒလန(ပြု)၀၀၁၈၉၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးသက်နိုင်ဦး LLB, LL.M, MRes(Law), D.B.L**

**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**

**အမှတ်(၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## ဖခင်အမည်မှန်

ကျောက်တံတားမြို့နယ်၊ အထက်တန်း ကျောင်းအမှတ်(၁)၊ Grade (၇)တွင် ပညာသင်ကြားလျက်ရှိသော မရွှေရပ်လွှာ ၏ ဖခင်အမည်မှန်မှာ ဦးဆန်ကား ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃တိုးချဲ့)၊ မြေကွက်အမှတ်(၉၄၃)၊ မြေကွက်တည်နေရာအမှတ်(၉၄၃)၊ နဝရတ်လမ်း၊ (၃၃တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအောင်မိုး[၁၂/သခန(နိုင်)၀၀၀၂၃၂] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်(၉၇/၂၀၂၂)ဖြင့်ဦးအောင်ကျော်မိုးမှ (တရားလို) ပြု၍ဦးအောင်မိုးအပေါ်(တရားပြိုင်) ထားကာ"ပဋိညာဉ်အတိုင်းမြေကွက်အပြီးအပိုင်အရောင်း အဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှု"ဖြင့် စွဲဆိုခဲ့ရာ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေရန် တရားလိုတောင်းဆိုသည့်အတိုင်းစရိတ်နှင့်တကွအနိုင်ဒီကရီချမှတ်သည့် (၁၃-၁၂-၂၀၂၂) ရက်စွဲပါစီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၁၁၀/၂၀၂၂ ၏ (၁၇-၁-၂၀၂၃)ရက်စွဲပါ အမိန့်နှင့်နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စားမြေပုံမြေရာဇဝင် ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၂၆-၁-၂၀၂၃)ရက်စွဲပါအကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လှဲ့လဲ့ခိုင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်း အား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ အမှတ်(၆၇)ဟု ခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့်(၈ထပ်ခွဲ) တိုက်၏ အဆောက်အဦးမှ(၁၅ ½ ပေx၅၈ပေ) အကျယ်အဝန်းရှိ ၃-လွှာ ဘယ်ဘက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရောင်းချသူ ဒေါ်မိုးမိုးဝင်း[၁၂/ရပသ(နိုင်)၀၇၇၅၄၂]မှ တရားဝင်လက်ရှိပိုင်ဆိုင်ကာ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်း၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
| --- | --- |
| **ဦးဇော်သက်ထွေး(LL.B)** | **ဒေါ်သက်သက်ဇော် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၁၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၇၉)** |

**အမှတ်-၂၁/ခ၊ ခေမာလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၉၇၂၃၄၆၁၉၅၊ ၀၉-၄၂၀၁၃၃၁၉၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(-)ဧကရှိ မြေကွက်အမှတ်(ပ-၂၂၀၆၉)၏ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဦးနန်းမောင် မှတ်ပုံတင်အမှတ်[၁၄/ဖပန(နိုင်)၀၅၁၀၇၄]အဖအမည် ဦးတင်မှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်) မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၅)၊ မြေကွက်အမှတ်(၂၁၉)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ-ဦးသောင်း[၁၂/ကမရ(နိုင်)၀၂၁၉၇၄]ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် မိမိသာလျှင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ဇောဦး[၁၂/ဒဂရ(နိုင်)၀၀၆၇၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေကေစိုး[၁၂/အလန(နိုင်)၀၄၂၁၁၅]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်(၂၇-၅-၂၀၂၅)ရက်နေ့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ကေကေစိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ပြုံးလှိုင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၁၉)**

**ဖုန်း-၀၉-၄၂၃၆၅၄၀၄၀**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ အုတ်လှငယ်လမ်း၊ မြေကွက်အမှတ်-၄၃၁၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်ကျင်သိန်း အမည်ဖြင့် မှတ်သားတည်ရှိသော မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်တင်[၁၂/တကန(နိုင်)၀၉၃၁၁၃]မှ အဆက်အစပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီမော်[၁၃/တခန(နိုင်)၀၆၅၁၉၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
| --- | --- |
| **ဒေါ်သန္တာဝင်း** | **ဒေါ်ရီရီလွင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၆၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၄၉၉)** |

**အမှတ်(၁၃)၊ သဇင်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၁၇၇၇၅၂၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ ကုန်းဘောင်လမ်း၊ မြေကွက်အမှတ်(၁၀)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကြီးရွှေ(HZA-၀၄၇၇၅၄)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏ ဇနီးဖြစ်သူဒေါ်မှုံ(HZA-၀၆၉၅၄၁)ထံမှ ဒေါ်အေးအေး[၉/မခန(နိုင်)၁၂၈၄၉၅]သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးမိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
| --- | --- | --- |
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** | **ဒေါ်သက်ထားခိုင်(LL.B)** |
| | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၇၅)** |

**အထက်တန်းရှေ့နေများ**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၀၈၈၆၉၁**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီး သန်းထိုက် (ရေ-၃၂၇၁)

တပ်မတော်-ရေ(ငြိမ်း)

### အသက် (၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးလှ-ဒေါ်တင်ညွန့်)တို့၏ သားကြီး၊ (ဦးအုန်းသွင်-ဒေါ်ခင်ခင်လတ်)တို့၏ သားသမက်၊ သန်လျင်မြို့နေ ဗိုလ်မှူးဒေါ်ခင်စန်းသွင် (တပ်မတော်ရေ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်အေးအေးကြူ)၊ (ဦးမြသိန်း)-ဒေါ်စမ်းစမ်းလှိုင်၊ ဦးတင်လှ-(ဒေါ်တင်တင်ဝင်း)၊ ဦးခင်ဇော်-ဒေါ်ဖြူဖြူကျော်တို့၏အစ်ကိုကြီး ဒုတိယဗိုလ်မှူးကြီးသန်းထိုက် (တပ်မတော်ရေ-ငြိမ်း)သည် ၂၈-၅-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၂၄ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၃၀-၅-၂၀၂၅ ရက် မွန်းလွဲ ၁နာရီတွင် ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီး ခင်ဆွေ (ငြိမ်း) (ရေ-၃၄၆၅)

အင္ဂဏ္ဏာဝါဖောင်ဒေးရှင်းဂုဏ်ထူးဆောင်အသင်းသား

### အသက် (၉၅)နှစ်

ရန်ကုန်မြို့နေ (ဒေါ်ခင်သန်း)၏ခင်ပွန်း ဗိုလ်ကြီး ခင်ဆွေ(ငြိမ်း)သည် ၂၆-၅-၂၀၂၅ (တနင်္လာနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင္ဂဏ္ဏာဝါဖောင်ဒေးရှင်း**

---

## မဝေဝေအောင်(ခ)လှိုင်မိမိထွန်း

### အသက်(၄၄)နှစ်

(ဦးအောင်ထွန်း)-ဒေါ်ဌေးဌေးလှတို့၏ သမီး၊ (ကိုအောင်သိန်းဦး)-ဒေါ်ချိုချိုအောင် (လုံခြုံမီးသတ်၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့)၊ (ကိုအောင်ဇော်မျိုး)၊ ကိုအောင်နိုင်-မမွန်ရည်စိုး၊ ကိုသက်ထွဋ်အောင်- မခင်သီတာတို့၏ ညီမ၊ ဦးထိန်နန်နော်(မြန်မာ့သတင်းစဉ်)၏ဇနီး၊ မအင်ကြင်းဖူး၊ မအင်ကြင်းပွင့်(အ.ထ.က-၆)တို့၏မိခင် မဝေဝေအောင်(ခ)လှိုင်မိမိထွန်းသည် ၂၈-၅-၂၀၂၅ ရက် နံနက် ၆:၃၀ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၅ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကွေ့ကြီးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဆေးရုံမှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၇/၂၊မြေကွက်အမှတ်-၅၃၊မြေကွက်တည်နေရာအမှတ်-၅၃၊ရွှေပင်လုံအိမ်ရာဝန်း၊(၂၇/၂)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဒေါ်ဌေးဌေးကြည်(၁၂/ကမရ(နိုင်)၀၀၅၈၅၅)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်ဒေါ်ဌေးဌေးကြည်(၁၂/ကမရ(နိုင်)၀၀၅၈၅၅)မှနှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ(၂၀၀၇)ခုနှစ်တွင်ဘဏ်ချေးရန်မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်ပြီးဘဏ်ချေးမြေပုံအားထုတ်ယူခဲ့သော်လည်းမည်သည့်ဘဏ်တွင်မျှငွေချေးယူခဲ့ခြင်းမရှိဘဲဘဏ်ချေးမြေပုံမှာ၄င်းလက်ဝယ်တွင်ထိန်းသိမ်းထားရာမှအထားအသိုမှားယွင်းမှုကြောင့်ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ဘဏ်ချေးမြေပုံပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းကျမ်းကိုန်လွှာပူးတွဲ၍တင်ပြလာပါသဖြင့်ဒေါ်ဌေးဌေးကြည်၏အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၂၇)၊ အကွက်အမှတ်(၂၆)၊ ကျိုက်ဗောဓိမြောက်ကွက်၊ ဦးပိုင်အမှတ် (၁၆/က)၊ ဧရိယာ (၁၁.၃၄၁)ကေအကျယ်ရှိ ဒေါ်လှတင် အမည်ပေါက် (မြို့မြေ)မြေကွက်အတွင်းမှ အရှေ့မျက်နှာဝ (၂၆ ပေ)၊ အနောက်မျက်နှာဝ (၂၀ ပေ)x အလျားအရှည် (၉၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမြင့်လွင် (ဘ) ဦးလှကြည် [၁၂/သလန(နိုင်)၀၁၄၅၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ထွန်းဝင်း [၁၂/ကမတ(ပြု)၀၀၀၀၇၇]၊ ဒေါ်ဆုရီတိုး [၁၂/သလန(နိုင်)၁၀၄၄၄၂]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီရိဦး (LL.B) (LL.M)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**

**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**

**ဖုန်း- ၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ခိုင်

BE (E.P) Dip E.P.D.S (Norway)

YESC ဥက္ကဋ္ဌ (ငြိမ်း)

### အသက် (၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းတန်-ဒေါ်ကြင်)တို့၏ သား၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အိမ်အမှတ်(၅၀၅-၅၀၆)၊ (၂/ခ)ရပ်ကွက်၊ ဗိုလ်ရွှေလမ်းနေ ဒေါ်အေးအေးမူ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးရဲမျိုးဟန်)-ဒေါက်တာ ဒေါ်အေးမြသက်၊ ဦးနေသွင်ထွန်း-Mrs. Teresa Tam (U.S.A)၊ မစုစန္ဒီအောင်တို့၏ ကျေးဇူးရှင်ဖခင်၊ (မောင်ရဲထွဋ်)၊ မောင်အောင်ဟိန်းကျော်၊ မောင်ဘုန်းမြတ်သူတို့၏အဘိုး ဦးအောင်ခိုင်သည် ၂၈-၅-၂၀၂၅ရက် မွန်းလွဲ ၁၂:၄၇ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၅ (သောကြာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်မြင့်

(ဆကာကြီး)

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၁)နေ (ဦးဘရီ-ဒေါ်သန်းညွန့်)တို့၏ သား၊ (ဦးမောင်ကံ-ဒေါ်အုန်းစိန်)တို့၏ သားသမက်၊ (ဒေါ်မြင့်မြင့်ကြည်)၏ ခင်ပွန်း၊ ဒေါ်ဝင်းစန္ဒာကျော်-ဦးမြတ်သူ၊ Dr.ကျော်စိုးကျော်-Dr.ဝါဝါစမ်းမောင်၊ ဒေါ်သန့်သန့်ကျော်-ဦးအောင်မျိုးထွန်းတို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၂၇-၅-၂၀၂၅ (အင်္ဂါနေ့) နံနက် ၅:၃၀ နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၂၅ (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသန်းနိုင်

လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့မီးရထား

မော်လမြိုင်

### အသက် (၇၆)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းကြည်-ဒေါ်သန်းညွန့်)တို့၏ သား၊ ဒေါ်ဒေါ် ဒေါ်မြသန်း၏ တူ၊ (ဒေါ်ရင်ရင်)၏ ခင်ပွန်း၊ ဒေါ်တင်တင်အေး-(ဦးတင်ဦး)၊ (ဦးသန်းစိုး)-ဒေါ်ခင်အေးသန့်၊ (ဒေါ်အေးအေးသိန်း-ဦးထွန်းငွေ)တို့၏ ညီ/မောင်၊ ဒေါ်သန်းသန်း၊ ဒေါ်ဌေးဌေးမြင့်-(ဦးဝင်းတင်ထွန်း)တို့၏ အစ်ကို၊ တူ/တူမ ၁၃ ယောက်တို့၏ ဦးလေး၊ မြေး ၁၁ ယောက်တို့၏ အဘိုးသည် ၂၇-၅-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၂၅ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ Central. Area Development Urban Asia Condo အိမ်ရာ၊ တိုက်အမှတ်(Towar A)၊ အခန်း(၆၀၃) မူလ အမည်ပေါက် ဒေါ်မြတ်ကေခိုင် [၁၂/သဃက(နိုင်)၁၆၉၉၆၁] ထံမှ ဒေါ်နီသာအောင် [၁၂/သကတ(နိုင်)၁၂၃၁၇၆]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**

**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

---

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(၄၆)၊ စံရိပ်ငြိမ်လမ်း၊ မြေ တိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၆၀၅)၊ အကျယ် (၄၈x၆၀)ပေရှိ ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ် (၂၀x၆၀)ပေရှိ ခြေရင်းခြမ်းမြေကွက် [မြေကွက်အမှတ်(၆၀၄)နှင့် ကပ်လျက်ရှိသော မြေကွက်]နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်နေသော အကျိုးခံစားခွင့်အရပ်ရပ်ကို မူလဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြင့်မေ(ခ)ဒေါ်အိအိခိုင် [၁၃/ညရန(နိုင်)၀၃၄၉၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဇင်အောင် [၉/အမရ(နိုင်) ၁၂၄၂၄၁]က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ မည်သူမဆို အထက်ပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နှင်းအိဇာ LL. B., D.B.L.**

**တရားလွှတ်တော်ရှေ့နေ (စဉ် ၁၃၂၂၇)**

**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ ရောဝဏ်လမ်း၊ (၆၆)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း - ၀၉-၈၉၃၅၁၄၅၆၄**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဒေါ်ဝဏ္ဏာဝတီ

ဓမ္မဂုဏ်ရည်သီလရှင်စာသင်တိုက် (ကျိုက်ဝိုင်း)၊ မရမ်းကုန်းမြို့နယ်

### ဝါတော် (၃၅)ဝါ၊ သက်တော် (၆၇)နှစ်

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်နေ ဦးစန်းမြင့်-(ဒေါ်သိန်းချစ်)တို့၏ သမီး၊ ဦးဉာဏ်ထွန်း(အလုပ်ရုံမှူး-ငြိမ်း၊ MPE)-ဒေါ်တင်တင်ရီ (ရေနံဓာတုဗေဒစက်ရုံ-မန်းသံပုရာကန်)၊ (ဦးအောင်ကြည်)-ဒေါ်အေးမူ (ထူး-ကုမ္ပဏီ-ပြင်ဦးလွင်)၊ (ဒေါ်ဌေးဌေး)၊ ဦးတင့်လွင် (အလုပ်ရုံမှူး-ငြိမ်း၊ MPE)-[ဒေါ်ကြည်ကြည်စိန် (လျှပ်စစ်ဌာန၊ အမှတ်-၁၊ ရေနံချက်စက်ရုံ-သန်လျင်]၊ ဦးသိန်းမြင့် (TK Aircon, Refrigerator, Freezer, Washing Machine-အပိုပစ္စည်းရောင်းဝယ်ရေးနှင့် ပြုပြင်ရေး-အောင်ချမ်းသာ-သန်လျင်)-ဒေါ်ခိုင်နွေဦးတို့၏ အစ်မတော်ကြီး၊ (ဦးသိန်းထိုက်မိုး)၊ ဦးသိန်းထိုက်စိုးတို့၏အဒေါ် ဒေါ်ဝဏ္ဏာဝတီ (ကျိုက်ဝိုင်း-ဓမ္မဂုဏ်ရည်သီလရှင်စာသင်တိုက်-ပဓာနနာယကဆရာကြီး)သည် ၂၅-၅-၂၀၂၅ (တနင်္ဂနွေနေ့) ည ၁၀:၃၅ နာရီတွင် ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၆-၅-၂၀၂၅ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [၃၁-၅-၂၀၂၅ (စနေနေ့) နံနက်တွင် အထက်ပါကျောင်းတိုက်၌ ကျင်းပမည့် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ချိုချိုနွယ် (ခ) Polly မတ်ခ်

ဌာနတွင်းစာရင်းစစ်အဆင့်(၂)

ကုန်းလမ်းပို့ဆောင်ရေးရုံးချုပ်(ငွေစာရင်းဌာန) RTC၊ ရန်ကုန်(ငြိမ်း)

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၄၅)၊ (၄၅)လမ်း၊ ဒုတိယထပ်နေ [ဦးမတ်ရိန်ကီ (စာရင်းကိုင်ချုပ်-ကုန်သွယ်ရေး၊ မတ်ထွန်းသွင် Audit Firm)]-ဒေါ်ကြည်တို့၏ ဆဋ္ဌမမြောက်သမီး၊ (ဒေါ်ငွေယုံ-ဦးဝင်း)၊ ပါမောက္ခ ဒေါက်တာမောင်မောင်ညို (ဌာနမှူး၊ ခန္ဓာဗေဒဌာန၊ ဆေး-၁၊ ငြိမ်း)-[ဒေါက်တာ ဆယ်လီငွေဇင်မေ (ညွှန်ကြားရေးမှူး၊ ဆေးဌာန၊ လူမှုဖူလုံရေး)]၊ (ဦးထွန်းသိမ်း)[GM-ကုန်သွယ်ရေး-[ဒေါ်မြတ်လေးရီ (ဒုစာရင်းကိုင်ချုပ်၊ ကုန်းလမ်းပို့ဆောင်ရေး)]၊ ဦးတင်ထွတ် (ဒု-ညွှန်မှူး၊ ရေနံဓာတု)-ဒေါ်မြင့်မြင့်သိန်း၊ (ဦးတင်ဝင်း)-ဒေါ်ခင်စန်းမြင့်(စာရင်းကိုင်၊ ရေနံဓာတု)တို့၏ ညီမ၊ [ဒေါက်တာညိုသင်းလှဲ့(ခ) Dolly Mark (မေ့ဆေးအထူးကုဆရာဝန်ကြီး၊ YGH)]တို့၏အစ်မ၊ ဦးသိန်းထွန်း (Trade Wind Co.,Ltd)-ဒေါ်သိဂီသိန်း(CSO-ငြိမ်း)၊ ဦးဒေးဗစ် (ဌာနေကိုယ်စားလှယ်၊ UN-ငြိမ်း) -ဒေါ်အေးအေးလှိုင် (ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်-ငြိမ်း)၊ (ဦးအောင်အောင်ထွန်း) (သင်္ဘောအရာရှိ)-ဒေါ်စိမ်းစိမ်းလှိုင်(ဒု-ညွှန်မှူး၊ ပြည်တွင်းအခွန်၊ ငြိမ်း)၊ [ဦးဇော်ထွန်း (သင်္ဘောအရာရှိ]-ဒေါ်ခိုင်မာ၊ မဇာနည်ညို (လက်မှတ်ရစာရင်းစစ်နှင့် ဖျက်သိမ်းရေးအရာရှိ၊ ZNN Audit Firm)၊ ဦးထွန်းထွန်းဦး(Managing Director (JMTS Toshin Group)]+ဒေါ်မီမီ၊ ဒေါ်မင်းမင်း၊ ဦးဇော်ဟိန်း(Chief Engineer သင်္ဘော)၊ ဒေါက်တာဇော်ဝင်းသိန်း (စာရင်းစစ်၊ Zaw Business School]-ဒေါ်သီတာဦး (စာရင်းစစ်၊ Zaw Business School)၊ ဒေါ်ခိုင်ခင်ထွန်း၊ တူ/တူမ ၁၁ ယောက်တို့၏အဒေါ်၊ ဦးအောင်မျိုးမင်း(ပဒုမ္မာသက်န်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း)၊ ဦးကျော်စိုးဝင်း(Engineer, Insurance Company, America)၊ ဒေါ်ခိုင်သန့်စင်(စာရင်းကိုင်)တို့၏ အဒေါ်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၂၇-၅-၂၀၂၅ (အင်္ဂါနေ့) နံနက် ၁၁:၅၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၉-၅-၂၀၂၅ (ကြာသပတေးနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (၄၅-လမ်းမှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထု အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသောကြောင့် ၂-၆-၂၀၂၅ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ကြပါရန် ညွှိုးငယ်သောစိတ်ထားဖြင့်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၁)၊ မြေကွက်အမှတ် (၂၁၄၈)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးဝင်းဇော် [၁၂/ဗဟန(နိုင်)၀၀၆၅၃၈] အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သိန်းသိန်းဌေး [၉/မနတ(နိုင်)၀၁၅၉၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းထွန်း [၁၂/တမန(နိုင်) ၀၉၁၅၇၂]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြိုးဖြိုးအောင်(LL.B) အထက်တန်းရှေ့နေ (စဉ်- ၄၈၄၃၁)**

**အမှတ်(၆၅)၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉- ၄၀၂၅၉၄၃၄၇၊ ၀၉-၇၉၅၁၅၂၈၇၀**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ရန်ကုန်သစ်)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်- (၅၅/၅၆)၊ (၄-လွှာ)၊ (ခေါင်းရင်းခန်း)၊ ရေ၊ မီးအစုံအလင်ပါဝင်သော အကျယ်အဝန်း (၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မိမိစန္ဒာ [၁၂/သဃက(နိုင်) ၀၉၅၉၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာဆွေ LL.B ,LL.M**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၉၈)**

**တိုက်အမှတ်- ၉/၁၁၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃ A+B)၊ ၃၆-လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၅၀၃၈၉၇၄**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ရွှေဟင်္သာအိမ်ရာ၊ တိုက်အမှတ် (ငွေလရောင်တာဝါ-B)၊ အခန်း(၂၀၈) မူလအမည်ပေါက် ဦးဇော်ထွန်း [၁၂/ကမရ(နိုင်)၀၀၅၈၅၀]က ဒေါ်စိမ်းလဲ့ရည် [၁၂/သကတ(နိုင်)၁၉၀၈၉၃]အား မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းသည့် ကတိစာချုပ်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**

**၀၆၇-၃၄၀၇၅၄၇**

---

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။



---

## အနာဂတ်

## ကမ္ဘာ

## သာယာဖို့

## အိုဇုန်းလွှာကို

## ကာကွယ်စို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်...

❖ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်နေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်စေရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၆) မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မောင်မောင်လွင်၏ တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် ASEAN All Stars အသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို အနိုင်ယူ

**ရန်ကုန် မေ ၂၈**

နာမည်ကြီး အင်္ဂလန်ကလပ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ASEAN All Stars အသင်းတို့၏ ခြေစမ်းပွဲကို မေ ၂၈ ရက် ညပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ကျင်းပရာ ASEAN All Stars အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ASEAN All Stars အသင်းသည် မြန်မာတိုက်စစ်ကစားသမား မောင်မောင်လွင်သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် မန်ချက်စတာယူနိုက်တက်အသင်းကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၁၉ ကော်လံ ၄ သို့ ✢**



ASEAN All Stars အသင်း ကစားသမားများကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

Huawei Technologies Co., Ltd.က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ လျှော့ဈေးသင့်ဝန်ထမ်းများအတွက် လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်း
စာမျက်နှာ » ၅

အမေရိကန်နိုင်ငံ၌ ပညာသင်ကြားခွင့်လျှောက်ထားသူများကို ယာယီရပ်ဆိုင်းရန် အမိန့်ထုတ်ပြန်
စာမျက်နှာ » ၁၃

တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ
စာမျက်နှာ » ၁၄

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခုနစ်ဦးကို မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်
စာမျက်နှာ » ၁၅

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၂၈**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်ကမ်းလွန်) တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး **စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ✻**

ယနေ့ညနေမှ ၃၀-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

